# ဗုဒ္ဓ

# အခန်း တစ်

# သကျမုနိဗုဒ္ဓ

## I

## ဗုဒ္ဓ၏အစ

၁. ဟိမဝန္တာတောင်၏ တောင်ဖက်ပိုင်း၊ တောင်ခြေရင်းတွင် ဖြတ်စီးလျက်ရှိသော ရောဟနီမြစ်ကမ်း တစ်လျှောက်တွင် သာကီဝင်မင်းမျိုးအနွယ် နေထိုင်ခဲ့ကြပေသည်။ ၎င်းတို့၏ ဘုရင်ဖြစ်သူ သုဒ္ဓေါဒနမင်း သည် ကပိလဝတ်ပြည်တွင် မြို့တော်ကို တည်ထောင်၍ ကြီးမားလှသောနန်းတော်ကြီးကို တည်ဆောက်ကာ မင်းကျင့်တရား ဆယ်ပါးဖြင့် အုပ်စိုးလေသောကြောင့် ပြည်သူအများစု၏ ချစ်ကြည်လေးစားမှုကို ခံယူရရှိလေသည်။

မိဖုရား၏ အမည်မှာ မာယာဖြစ်သည်။ မာယာမိဖုရားသည် ဘုရင်နှင့် နမဝမ်းကွဲ တော်စပ်၍ မိဖုရား၏ ဖခမည်းတော်မှာလည်း အနီးနားရှိ ကောလိယ ပြည်တွင် အလားတူ သာကီဝင်မျိုးနွယ်များ၏ ဘုရင်တစ်ပါး ဒေဝဒဟမင်း ဖြစ်လေသည်။ ဘုရင်နှင့် မိဖုရားတို့တွင် အနှစ် နှစ်ဆယ်တိုင်တိုင် သားသမီး တစ်ယောက်မျှ မထွန်းကားကြပေ။ သို့ရာတွင် တစ်ညဉ့် မိမိ၏ လက်ျာဖက် နံပါးမှ နေ၍ ဝမ်းအတွင်းသို့ ဆင်ဖြူတစ်ကောင် ဝင်လာသည် ဟူသော ထူးခြားလှသည့် အိပ်မက်ကို မြင်မက်ကာ မိဖုရားတွင် ပဋိသန္ဓေ တည်ရှိ လာလေသည်။ မင်းသား ဖွားမြင်လာတော့မည်ကို ဘုရင်နှင့်တကွ တိုင်းသူပြည်သား များက ဝမ်းမြောက် ဝမ်းသာ စောင့်မျှော်နေကြလေသည်။ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ သန္ဓေ ရင့်မာ၍ ဆယ်လ စေ့သော် မိဖုရားသည် သားဖွားရန်အတွက် မိဘရပ်ထံသို့ ပြန်လာရာ၊ လမ်းခရီးတစ်ထောက်တွင် သာယာလှသော နွေဦးပေါက်ရာသီ၏ နေရောင် အောက်တွင် လုမ္ဗိနီဉယျာဉ်ထဲ၌ ခေတ္တဝင်ရောက်၊ အနားယူလေသည်။ (နွေဦးပေါက်ရာသီမှာ မိုးဦးရာသီ ဖြစ်သည်။ တည်းဖြတ်ရေးအဖွဲ့)

ပတ်ဝန်းကျင်ရှိ လှပလှသော အင်ကြင်းပန်းပွင့်များ မြိုင်ဆိုင်စွာ ဖူးပွင့်လျက် ရှိရာ၊ မိဖုရားသည် ဝမ်းသာကြည်နူးစွာဖြင့်၊ ပန်းခက်တစ်ခက်ကို ခူးရန်

လက်လှမ်းလိုက်သည်နှင့် တပြိုင်နက် မင်းသားလေး ကို မီးဖွားသန့်စင်လေသည်။ မိဖုရားနှင့်တကွ မင်းသားငယ်လေးတို့၏ မြင့်မြတ်တင့်တယ်မှုကို ပရိသတ် အပေါင်းက သောင်းသောင်းဖြဖြ ချီးကျူးကြလေသည်။ အထက်ကောင်းကင်နှင့် ကမ္ဘာမြေကြီးတို့က လည်း ဂမ်းသာကြည်နူးစွာ၊ ကောင်းချီးသြဘာ ပေးလေသည်။ (ထေရဝါဒအရ ကမ္ဘာမြေကြီး လျောင် လှုပ် သည်။ တည်းဖြတ်သူ) ထူးခြားလှသော ဤနေ့ရက်မှာ ၊ ဧပြီလ (၈) ရက်နေ့ (မြန်မာလူမျိုးတို့၏ အဆိုအရ မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်နေ့) ပင် ဖြစ်လေသည်။

ဘုရင်၏ ဂမ်းသာကြည်နူးမှုမှာလည်း လွန်ကဲလှသဖြင့် သားငယ်လေး၏ အမည်ကို သိဒ္ဓတ္ထ "အကျိုးစီးပွားကို ပြည့်စုံစေသူ" ဟူသော အမည်နာမကို မှည့်ခေါ်လေသည်။

၂. သို့ရာတွင် ဘုရင့်နန်းတော်တွင်ကား မာယာမိဖုရားသည် ရုတ်ခြည်း (ထေရဝါဒ နိုင်ငံဖြစ်သော မြန်မာလူမျိုး အဆိုအရ သားတော်ဖွားမြင်တော်မူပြီးနောက် ခုနစ်ရက်မြောက်သောနေ့) ကွယ်လွန်သွား သဖြင့် ဂမ်းသာပျော်ရွှင်မှုသည် ဂမ်းနည်းကြေကွဲမှုသို့ ပြောင်းလဲသွားလေသည်။ မာယာမိဖုရား၏ ညီမတော် အရင်းဖြစ်သော မိထွေးတော် ဂေါတမီက မင်းသားငယ်လေးကို ချစ်ကြင်နာ ယုယစွာဖြင့် နို့တိုက် ကျွေးမွေး၊ ပြုစု စောင့်ရှောက်လာလေသည်။

မဝေးကွာလှသော တောတောင်ထဲတွင် သီတင်းသုံးနေသော အသိတ မည်သော (ထေရဝါဒ နိုင်ငံဖြစ်သော မြန်မာလူမျိုး အဆိုအရ ကာဠဒေဝီလ) ရသေ့သည် ဘုရင့်နန်းတော်တွင် မင်္ဂလာအပေါင်း တို့နှင့် ပြည့်စုံသော ရောင်ခြည် ထွက်နေသည်ကို တွေ့မြင်ရ၍ ကောင်းမွန်သော အတိတ်နိမိတ် အဖြစ် ကောက်ယူကာ၊ နန်းတော်သို့ ကြွမြန်းလာရာတွင် ဖွားမြင်ကာစ မင်းသားငယ် လေးကို တွေ့မြင်ရလေ သည်။ ထိုအခါ ရသေ့က "ဤမင်းသားငယ်သည်၊ အကယ်၍ အရွယ်ရောက်သည်အထိ ထီးမွေ နန်းမွေ ဆက်ခံမည် ဆိုပါက၊ ဒီပလေးကျွန်းကို ပိုင်နင်းသော စကြာမင်း ဖြစ်လာပေမည်။ အကယ်၍ နန်းစည်းစိမ် ကို စွန့်လွှတ်ကာ၊ ရဟန်းပြုမည် ဆိုပါက၊ နတ်လူအပေါင်းကို ကယ်တင်မည့် သမ္မာသမ္ဗုဒ္ဓဘုရား ဧကန် စင်စစ် ဖြစ်လိမ့်မည်" ဟု ဟောကိန်းထုတ်လေသည်။

**သကျမုနိဗုဒ္ဓ**

ထိုဟောကိန်းကို အစပထမ ကြားသိရသောအခါ၌ ဘုရင်ကြီးသည် ဝမ်းမြောက်ဝမ်းသာဖြစ်မိ လေသည်။ သို့ရာတွင် နောက်ပိုင်း၌ တစ်ဦးတည်းသော သားတော်က နန်းတော်မှ ထွက်ခွာ၍ တောထဲ တွင် ရဟန်းဘဝဖြင့် တစ်ကိုယ်တည်း တရားအားထုတ်မည့် အလားအလာကို တွေးတောကာ စိုးရိမ်ပူပန် လာမိလေသည်။

အသက် (၇) နှစ်အရွယ်သို့ ရောက်လာသောအခါ မင်းသားသည် အဋ္ဌာရသ ပညာရပ်များကို စတင်သင်ကြားရသော်လည်း အတွေးအခေါ်များမှာကား သဘာဝအလျောက် အခြားအရာများတွင် ပိုမို စိတ်ဝင်စားနေလေသည်။ နွေဦးပေါက်ရာသီတစ်နေ့တွင် မင်းသားငယ်သည် ဖခင်ခမည်းတော်နှင့် အတူ နန်းတော်မှ ထွက်လာပြီး၊ လယ်သမားတစ်ဦး လယ်ထွန်နေသည်ကို ရှုစားနေ လေသည်။ (ထေရဝါဒ အယူအရ လယ်ထွန်မင်္ဂလာဟု ဖွင့်ဆိုသည်။ တည်းဖြတ်ရေးအဖွဲ့) လယ်သမား၏ ထွန်တုံးကြောင့် မြေပေါ်သို့ ပေါ်လာသော တီကောင်ငယ်တစ်ကောင်အား ငှက်တစ်ကောင်က ပျံဆင်းလာကာ၊ ကိုက်ချီ သွားသည်ကို မင်းသားက တွေ့မြင်လိုက်ရလေသည်။ မင်းသားသည် သစ်ပင် တစ်ပင်၏ အရိပ်တွင် ဝင်ထိုင်ကာ၊ ယင်းအချင်းအရာကို တွေးတောလျက်၊ မိမိကိုယ်အား ဤကဲ့သို့ ရွတ်ဆိုနေမိလေသည်။

"သက်ရှိသတ္တဝါ အားလုံးသည် အချင်းချင်း သတ်ဖြတ်နေကြပါသည်တကား"

ဖွားမြင်လာပြီး မကြာမီပင်၊ မိခင် ကွယ်လွန်သွားခဲ့ရသော မင်းသားလေးသည်၊ ဤတိရစ္ဆာန်ငယ် လေးများ၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အဖြစ်များကို ရှုစား၍ အထူးစိတ်ထိခိုက်နေမိလေသည်။

မင်းသားလေးတွင် ဤကဲ့သို့သော အတွင်းစိတ် နာကြည်းမှုဒဏ်ရာသည် အသက်ကြီးရင့်လာ သည်နှင့်အမျှ ဆထက်ထမ်းပိုး တိုးပွားလာခဲ့လေသည်။ အပင်ငယ်လေးတွင် ရှိသော ဒဏ်ရာကဲ့သို့ပင် ၎င်း၏ စိတ်ထဲ၌ လူ့ဘဝ၏ ဒုက္ခဝေဒနာများ ပိုမိုနက်ရှိုင်းစွာ စွဲမြဲလာလေသည်။

ရသေ့၏ ဟောကိန်းကို ပြန်လည် အမှတ်ရမိတိုင်း၊ ဘုရင်မင်းမြတ်မှလည်း ပိုမိုစိုးရိမ်ကြောင့်ကြလာသဖြင့် မင်းသားလေး ပျော်ရွှင်စွာနေနိုင်အောင် ကြိုးစား

ဆောင်ရွက်သည်။ အခြားသော နန်းတွင်းရေး လောကီရေးများတွင် စိတ်ပါဝင်စား လာအောင် ကြိုးပမ်းလုပ်ဆောင်လေသည်။ ဘုရင်မင်းမြတ်သည် အသက် (၁၉) နှစ်သို့ ရောက်ရှိလာပြီဖြစ်သော မင်းသားအား ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားပေးရန် စီစဉ်ဆောင်ရွက်လေသည်။ ယသော်ဓရာမင်းသမီးသည် ကွယ်လွန်သွားသူ မာယာမိဖုရား၏ မောင်တော်ဖြစ်သူ၊ ဒေဝဒဟာပြည့်ရှင် သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ဖြစ်လေသည်။

၃. ငွေ၊ မိုး၊ ဆောင်း၊ စံနန်းတော် အမျိုးမျိုးတို့တွင် (၁၀) နှစ်တိုင်တိုင် အတီးအမှုတ်အဆိုအကတို့နှင့် ပျော်ရွှင်မှုမျိုးစုံတို့ဖြင့် စံမြန်းနေခဲ့ရသော်လည်း မင်းသား၏ အတွေးမှာမူ နလုံးမသာမယာဖြင့် လူ့ဘဝ၏ အဓိပ္ပာယ်အမှန်ကို နားလည်သဘောပေါက်စေရန် ကြိုးပမ်းလျက်နှင့်ပင်၊ လူ့လောက၏ ဒုက္ခများကို တွေး တောနေမိလေသည်။

"နန်းတွင်းစည်းစိမ်များနှင့်၊ ကျန်းမာသန်စွမ်းသော ဤကိုယ်ခန္ဓာနှင့်အတူ ၊ ပျော်ရွှင်မြူးတူးနေ သော လူငယ်ဘဝ၊ ဤသည်တို့မှာ ကျွန်ုပ်အတွက် ဘာအဓိပ္ပာယ်ရှိပါသနည်း" ဟု သူက တွေးမိလေ သည်။ "တစ်နေ့နေ့တွင် ကျွန်ုပ်တို့ ရောဂါဝေဒနာ ခံစားကြမည်။ အိုမင်းရင့်ရော်လာမည်။ သေခြင်းတရား မှ ကင်းလွတ်နိုင်မည် မဟုတ်။ နနယ်ပျို့မျစ်သည့် မာန၊ အနာရောဂါ ကင်းရှင်းသည့် မာန၊ အသက်ရှင် နေသည့် မာန၊ ဤသည်တို့ကို တွေးတောဆင်ခြင်တတ်သူတိုင်း၊ စွန့်လွှတ်သင့်ပေသည်။

"အသက်ရှင် နေထိုင်နိုင်ရန် ကြိုးပမ်းနေသူသည် သဘာဝအလျောက်၊ တန်ဖိုးရှိသည့် အရာ တစ်ခုခုကို ရှာကြံပေသည်သာ ဖြစ်သည်။ ရှာကြံနည်း ၂-မျိုး ရှိပေသည်။ အမှန်လမ်းနှင့် အမှားလမ်းတို့ ဖြစ်သည်။ မှားသောလမ်းကို ကြည့်မြင်သည့် အဓိပ္ပာယ်မှာ ဖျားနာခြင်း၊ အိုမင်းခြင်းနှင့် သေခြင်းတို့ကို ရှောင်ကွင်း၍ မရနိုင်ကြောင်း၊ သိနေလျက်နှင့်ပင်၊ အဆင့်ချင်း တူညီသော၊ ဗလာဖြစ်သည့် မတည်မြဲ သောအရာများတွင် ရှာကြံနေခြင်းပင် ဖြစ်သည်။

"လမ်းမှန်ကို ကြည့်မြင်ခြင်း အဓိပ္ပာယ်မှာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း

သဘောတို့၏ သဘာဝ အစစ်အမှန်ကို သိမြင်၍ လူ့ဆင်းရဲဒုက္ခအပေါင်းကို ကျော်လွှန်နိုင်သည့် အဓိပ္ပာယ်ကို ရှာကြံခြင်းပင် ဖြစ် သည်။ သာယာပျော်ရွှင်မှု အတိရှိသော ဤထီးနန်းစည်းစိမ်တွင် ကျွန်ုပ်သည် မှားယွင်းသည့် လမ်းစဉ်၌ ရှာဖွေနေခြင်းပင် ဖြစ်ဟန်ရှိပေသည်။" (ထေရဝါဒအမြင်အရ နိမိတ်ကြီး (၄) ပါး မြင်တွေ့ရပြီး တောထွက် သည်ဟု ဖွင့်ဆိုသည်။ တည်းဖြတ်ရေးအဖွဲ့.)

၄. ဤသို့ဖြင့်လျှင် မင်းသား၏ ရင်တွင်းဂယ်စိတ်၏ ရုန်းကန်လှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားလာ ရာ၊ သိဒ္ဓတ္ထမင်းသားသည် အသက်၂၉-နှစ် အရွယ်ရောက်မှ သားဖြစ်သူ ရာဟုလာကို ဖွားမြင်လေသည်။ သားတစ်ဦး ထွန်းကားလာသောအခါ မင်းသားသည် နန်းတော်မှ ထွက်ခွာကာ၊ စိတ်ချမ်းသာမှု ရှာရန် အဖြေရှာကြံနိုင်ရန် တောထွက်မည်ဟု ဆုံးဖြတ်လိုက်လေသည်။ ထို့ကြောင့် ညတစ်ညတွင် မင်းသား သည် ၄င်း၏ မြင်းရထားမောင်းဖြစ်သူ ဆန္နကိုခေါ်၍ မြင်းဖြူတော် ကဏ္ဍကကို စီးနင်းကာ နန်းတော်မှ ထွက်ခွာသွားခဲ့လေသည်။

၄င်း၏ စိတ်ဆင်းရဲဒုက္ခများမှာ အဆုံးသတ်သွားခြင်း မရှိဘဲ မာရ်နတ်သား ကလည်း "နန်းတော်သို့ ပြန်ပါ။ အခြားသော အဖြေမျိုးကို ရှာကြံလျှင် ပိုကောင်းပေမည်၊ ထိုသို့ပြုလုပ်ပါက စကြာဝတေးမင်း ဖြစ် ပေလိမ့်မည်" ဟု ဖြားယောင်း ပြောဆိုကြလေသည်။ သို့ရာတွင် လောကစည်းစိမ် မှန်သမျှသည် မိမိအား စိတ်ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းရှိလိမ့်မည် မဟုတ်ဟူသော အသိစိတ်ဖြင့် မင်းသားသည် မာရ်နတ်သား၏ ဖြားယောင်းပြောဆိုမှုများကို ငြင်းပယ်လေသည်။ မင်းသားသည် ဆံပင်များကို ဖြတ်ပယ်ပြီး၊ သပိတ်တစ် လုံးကို ပိုက်ကာ တောထွက်ခဲ့သည်။

မင်းသားသည် ရှေးဦးစွာ ဆရာရှာရန် ရသေ့တို့ထံသို့ သွားရောက်၍ တစ်ကိုယ်တည်း ပြင်းထန်စွာ တရားကျင့်ကြံနေထိုင်ပုံများကို ကြည့်ရှုလေ့လာ လေသည်။ ထို့နောက် မင်းသားသည် ကမ္မဋ္ဌာန်း ထိုင် ခြင်းဖြင့် နိဗ္ဗာန်သို့ ရောက်ရှိစေရန် ကြိုးပမ်းနေကြသည့် အာဠာရကာလာမနှင့် ဥဒကရာမပုတ္တတို့၏ တရားကျင့်နည်းများကို သွားရောက်လေ့လာပြန်လေသည်။ သို့ရာတွင် မိမိ ကိုယ်တိုင် အတန်ကြာ ကျင့်ကြံကြည့်ပြီးသည့်နောက်၌ ဤနည်းများဖြင့်

သဗ္ဗညုတဉာဏ်ကို ရရှိနိုင်မည် မဟုတ်ကြောင်း၊ ကောင်းစွာ သဘောပေါက်လာမိလေသည်။ နောက်ဆုံးတွင် မင်းသားသည် မဂီနိုင်ငံသို့ သွားရောက်ကာ ဂယာမြို့အနီး၌ ဖြတ်စီးသွားသော နေရဉ္စရာ မြစ်ကမ်းပေါ်ရှိ ဥရုဝေလတောကြီးထဲတွင် တစ်ကိုယ်တည်း ပြင်းထန် စွာ တရားကျင့်ကြံလေသည်။

၅. မင်းသား၏ ကျင့်ကြံအားထုတ်မှုများမှာ မယုံကြည်နိုင်လောက်အောင်ပင် ပြင်းထန်လှလေသည်။ "မင်းသားလောက် စိတ်ဓာတ်ပြင်းပြစွာဖြင့်၊ တရားကျင့်ကြံခဲ့ဘူးသော၊ သို့မဟုတ် ကျင့်ကြံမည်ဖြစ်သော၊ ရသေ့ဟူသည်၊ အတိတ်ကာလ၌သော်လည်းကောင်း၊ ပစ္စုပ္ပန်၌သော်လည်းကောင်း၊ အနာဂါတ်၌သော် လည်းကောင်း ရှိလိမ့်မည်မဟုတ်" ဟု နောင်တွင်ဆိုစမှတ်ပြုလောက်အောင် အစွမ်းကုန် ကြိုးစား ကျင့်ကြံနေလေသည်။

သို့ပင်ဖြစ်စေကာမူ မင်းသားသည် ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိနိုင်ခြင်း မရှိခဲ့ပေ။ တောထဲ၌ ၆နှစ်ကြာအောင် ကျင့်ကြံနေထိုင်ပြီးသောအခါတွင် မင်းသားသည် ဒုက္ကရစရိယာကို စွန့်လွှတ်လိုက် လေသည်။ သူသည် နေရဉ္စရာ မြစ်ထဲတွင် ရေချိုးပြီးသည့်နောက် ၊ အနီးအနားကျေးရွာမှ သူဌေးသမီး ဖြစ် သူ သုဇာတာ လှူဒါန်းသော ဃနာနို့ဆွမ်းကို လက်ခံလိုက်လေသည်။

မင်းသားနှင့်အတူ ၆-နှစ်တိုင်တိုင် ဒုက္ကရစရိယာကို ကျင့်ကြံခဲ့ကြသော ပဉ္စဝဂ္ဂီ ၅ပါးတို့သည် မင်း သားက လုံမပျိုတစ်ဦး၏ လက်မှ ဃနာနို့ဆွမ်း လက်ခံယူကြောင်း တွေ့ရှိကြရသောအခါ တအံ့တသြ ဖြစ်နေကြလေသည်။ ဤ ရဟန်းသည် ကမ္ဘာဒ္ဒာန်း လူထွက်ပေတော့ကားဟု အပေါင်းအဖော်များက ထင်မှတ် ကာ စွန့်ခွာသွားကြလေသည်။ (ထေရဂါဒ အမြင်တွင်မူ အစာအဟာရ မစားပဲ ကျင့်တာတောင်၊ ဘုရား အဖြစ်သို့ မရောက်နိုင်။ ယ္ခုလို ဃနာနို့ဆွမ်းကို ဘုန်းပေးလျှင် အဘယ်မှာ သဗ္ဗညုတဉာဏ်တော်ကို ရနိုင်မည်နည်းဟု ကဲ့ရဲ့ အထင်သေးကာ စွန့်ခွာသွားကြလေသည်)

မင်းသားသည် တစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။ သူသည် အင်အားချိနဲ့

နေဆဲဖြစ်သော် လည်း အသက်ဆုံးရှုံးနိုင်သည့်အရေးကို လျစ်လျူရှုကာ "သွေးများ ကုန်ခမ်းပေစေ၊ အသားများ ဆွေးမြေ့ ပေစေ၊ အရိုးများ ကျေသွားပေစေ၊ သဗ္ဗညုတဉာဏ်ကို ရောက်ရှိနိုင်ရာလမ်းကို မတွေ့မချင်း ငါ၏ လုံ့လ ကို အနည်းငယ်မျှ မလျှော့၊ ငါ၏ တင်ပလ္လင်ခွေကို မဖြေမလျှော့တော့" ဟု အဓိဋ္ဌာန်ကာ၊ ထပ်မံ၍ တရား ကျင့်ကြံအားထုတ်ပြန်လေသည်။

ပြင်းထန်လှပြီး၊ မနိုင်းယှဉ်သာသော ဇွဲလုံ့လမှုပင် ဖြစ်လေသည်။ ၎င်း၏ စိတ်မှာ၊ ထိန်းမနိုင် သိမ်း မရဖြစ်ပြီး၊ ရှုပ်ထွေးနေသော အတွေးများဖြင့် ပြည့်နှက်နေရုံသာမက စိတ်ဓာတ်တစ်ခုလုံးကို အမှောင် ရိပ်များ လွှမ်းခြုံနေကာ၊ မာရ်နတ်တို့၏ သွေးဆောင်ဖြားယောင်းမှုများကို အလူးအလဲ ခံနေရသလို ခံစား ရလေသည်။ သို့ရာတွင်၊ သူသည် စိတ်ရှည်စွာနှင့် သတိတရားကြီးစွာဖြင့် တစ်ခုချင်းစီကို စစ်ဆေး လေ့လာကာ၊ အားလုံးကို ပယ်ချလိုက်လေသည်။ ဤတရားကျင့်ကြံမှုသည်ကား အမှန်တကယ်ပင် ခက်ခဲ ကြမ်းတမ်းလှသော စိတ်ပိုင်းဆိုင်ရာ ကိလေသာကျင့်စဉ် တစ်ခု ဖြစ်သည်။ ၎င်း၏ အသွေးများကို ခြောက်ခမ်းစေရုံသာမက အသားများကို လျော့နည်းသွားစေကာ၊ အရိုးများကိုလည်း ကွဲကြေသွားစေနိုင် လောက်အောင် ပြင်းထန်ပေသည်။

သို့ရာတွင် အရှေ့ကောင်းကင်ယံ၌ မိုးသောက်ကြယ် ထွက်ပေါ်လာချိန်တွင် ဘုရားအလောင်း တော်၏ ကိလေသာတဏှာ၏ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်မဂ်ဖိုလ်တရားကို သိမြင်ရရှိသွားလေသည်။ မင်းသား၏ စိတ်သည် မိုးလင်းချိန်ကဲ့သို့ပင် ကြည်လင် တောက်ပနေလေသည်။ သူသည် အရဟတ္တဖိုလ်ပေါက်၍ ဘုရားအဖြစ် သဗ္ဗညုတ ဉာဏ်ကို ရရှိသွားပေပြီ။ ထိုနေ့သည် ဒီဇင်ဘာလ (၈) ရက်နေ့ (မြန်မာလူမျိုးတို့ အဆိုအရ မဟာသက္ကရာဇ် ၁၀၃ခု အဆိုအရ ကဆုန်လပြည့်နေ့) ဖြစ်၍ မင်းသားသည် သက်တော် (၃၅) နှစ်အရွယ်၌ ဘုရားစင်စစ် ဧကန်ဖြစ်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူသည် ဖြစ်သွားလေ သည်။

၆. ထိုအချိန်မှစ၍ မင်းသားအား အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုကြလေသည်။

အချို့တို့က သူ့အား ဗုဒ္ဓ၊ သဗ္ဗညုတရှင်၊ တထာဂတော ဟူ၍၎င်း၊ အခြားသော သူများကလည်း ဘဂဝါ သို့မဟုတ် သမ္မာသမ္ဗုဒ္ဓ ဟူ၍၎င်း၊ အသီးသီး ခေါ်ဆိုကြလေသည်။

၎င်းသည် ရှေးဦးစွာ ဒုက္ကရစရိယာကို ၆-နှစ်တာကာလ အတူတကွ ကျင့်ခဲ့ကြသည့် ပဥ္စဝဂ္ဂီ ၅ပါး ရှိရာ ဗာရာဏသီပြည် မိဂဒါဝုန်သို့ ကြွသွားလေသည်။ ၎င်းတို့သည် အစပထမ၌ ဘုရားကို အဝေးက ရှောင်၍ မမြင်ယောင် ပြုခဲ့ကြသော်လည်း ဓမ္မစကြာ ဟောကြားသည့်နောက်၌ သက်ဝင်ယုံကြည်ကြသဖြင့်၊ ဗုဒ္ဓ၏ ပထမဦးဆုံးသော နောက်လိုက်တပည့်များ ဖြစ်လာလေသည်။ ၎င်းနောက် ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်သို့ ကြွမြန်းကာ အဆွေခင်ပွန်းဖြစ်သော ဗိမ္ဗိသာရဘုရင်အား သိမ်းသွင်းခဲ့ပြန်လေသည်။ ထိုမှ နေ၍ ဗုဒ္ဓသည် နေရာအနှံ့ လှည့်လည်၍ ပြည်သူများထံမှ အလှူခံကာ သီတင်းသုံး နေထိုင်လျက် တရားဟောပြောလေသည်။

ရေငတ်နေသူက ရေကိုရှာဖွေသကဲ့သို့၎င်း၊ အစာငတ်နေသူက အစာကိုရှာသကဲ့သို့၎င်း၊ တိုင်းသူ ပြည်သားများသည် ဗုဒ္ဓအား စိတ်ဆန္ဒပြင်းပြစွာဖြင့် ချဉ်းကပ်ကြလေသည်။ အဂ္ဂသာဝကနှစ်ပါးဖြစ်ကြ သော ရှင်သာရိပုတ္တရာ နှင့် ရှင်မောဂ္ဂလန်တို့လည်း တပည့်နောက်လိုက် နှစ်ထောင်တို့နှင့် အတူ ဗုဒ္ဓထံသို့ ရောက်ရှိလာကြလေသည်။

ရှေးဦးပထမ၌ ဗုဒ္ဓ၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်က နန်းတော်မှ ထွက်ခွာ သွားရန် ဆုံးဖြတ်ခဲ့ခြင်းကို အတွင်းစိတ်ထဲ၌ မကျေမချမ်း ဖြစ်နေဆဲဖြစ်၍ ခပ်ခွာခွာနေခဲ့သော်လည်း၊ နောက်ပိုင်းတွင် ဗုဒ္ဓ၏ ဒါယကာတစ်ဦး ဖြစ်လာလေသည်။ ဗုဒ္ဓ၏ မိထွေးတော် မဟာပဇာပတိ၊ မိဖုရား ဖြစ်သူ ယသောဓရာနှင့်တကွ သကျသာကီဝင်လူမျိုးအားလုံးသည်လည်း ဗုဒ္ဓအား သက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာလေသည်။ အခြားသော လူပေါင်းများစွာတို့သည်လည်း ဗုဒ္ဓအား ယုံကြည်ကိုး စားကြသည့် နောက်လိုက်တပည့်များ ဖြစ်လာကြလေသည်။

၇. ဗုဒ္ဓသည် ၄၅-နှစ် တိုင်တိုင် နိုင်ငံတစ်ခွင်လုံးသို့ လှည့်လည်ကာ တရား

**သကျမုနိဗုဒ္ဓ**

ဟောပြောလာခဲ့ရာ နောက်ဆုံး သက်တော် (၈၀) အရွယ်၌ ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ အသွား၊ ဝေသာလီပြည်တွင် ဖျားနာလာသဖြင့် နောက်သုံးလအကြာ၌ နိဗ္ဗာန်စံမည်ဖြစ်ကြောင်း၊ မိန့်တော်မူလေသည်။ သို့တစေ၊ ဗုဒ္ဓ သည် ခရီးဆက်တော်မူ၍ ပါဝါမြို့သို့ ရောက်ရှိလာသောအခါ ပန်းထိမ်သည်စုန္ဒ ကပ်လှူသည့် ဆွမ်းကို ဘုန်းပေးပြီးနောက် နာမကျန်း ဖြစ်လာလေသည်။ ချိနဲ့၍ ပြင်းထန်သော ရောဂါဝေဒနာ ခံစားရသော် လည်း၊ ဗုဒ္ဓသည် ခရီးအဆင့်ဆင့် ရပ်နားကာ၊ ကုသိနာရုံပြည်အနီးရှိ တောသို့ အရောက် ကြွမြန်းခဲ့လေ သည်။ အင်ကြင်းတောထဲရှိ အင်ကြင်းပင်ကြီး နှစ်ပင်အကြားတွင် လဲလျောင်းကာ ဗုဒ္ဓသည် နိဗ္ဗာန် စံလွန် တော်မူခါနီးအထိ တပည့်နောက်လိုက်များအား ဆက်လက်၍ တရား ဟောပြောခဲ့လေသည်။ ဤသို့ဖြင့် ဗုဒ္ဓသည် ကမ္ဘာပေါ်ရှိ ဉာဏ်ပညာအရှိဆုံးသော ဆရာတစ်ဦးအဖြစ် လည်းကောင်း၊ ဗုဒ္ဓသာသနာပြု လုပ်ငန်းများကို ဆုံးခန်းတိုင် လုပ်ဆောင်ပြီးနောက်၊ ပရိနိဗ္ဗာန် ငြိမ်သက်စွာ ဝင်စံတော်မူလေသည်။

၈. ကုသိနာရုံပြည်ရှိ တိုင်းသူပြည်သားများသည် များစွာ စိတ်မချမ်းမသာဖြစ်၍ ဗုဒ္ဓ၏ တပည့်ဖြစ်သူ ရှင်အာနန္ဒာ၏ ညွှန်ကြားချက်အရ ကြွင်းကျန်ရစ်သော ဘုရား၏ အလောင်းတော်ကို မီးသဂြိုလ်လေ သည်။

ထိုအခါ ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် အဇာတသတ် အစရှိသော ခုနစ်ပြည်ထောင်မင်းတို့သည် ဘုရား ရှင်၏ ဓါတ်တော်များကို ခွဲဝေပေးရန် တောင်းဆိုကြသည်။ အစဦးပိုင်း၌ ကုသိနာရုံပြည် ဘုရင်က ငြင်း ဆန်ခဲ့သဖြင့် အငြင်းပွားမှုမှာ စစ်ဖြစ်ရမည့် အခြေအနေမျိုးသို့ပင် ဆိုက်ရောက်ခဲ့ရပေသည်။ သို့ရာတွင် ဒေါဏပုဏ္ဏား၏ အကြံပေးချက်ကြောင့် အရှင်မြတ်၏ ဓါတ်တော်များကို နိုင်ငံကြီး ၈-နိုင်ငံတို့အကြား ခွဲဝေ၍ အဌဘာဂပြုမှ ကျေအေးလေသည်။ မီးလောင်တိုက်မှ ပြာများနှင့် အရိုးအကြွင်းများကို ထည့်ထား သော မြေအိုးကိုမူ၊ အခြားသော ဘုရင်နှစ်ပါးတို့အား ရှိခိုးပူဇော်ရန် ခွဲဝေပေးလိုက်လေသည်။ ဗုဒ္ဓ၏ ဓါတ်တော်များနှင့် အရိုးကြွင်းများကို စေတီဆယ်ဆူ တည်ကာ ဌာပနာ သွင်း၍ ကိုးကွယ်ခြင်း ပြုကြလေ သည်။

# II
# ဗုဒ္ဓ၏နောက်ဆုံးဟောပြောချက်များ

၁. ကုသိနာရုံပြည်ရှိ အင်ကြင်းပင်များ အောက်တွင် ဘုရားသည် တပည့်နောက်လိုက်များအား အောက်ပါအတိုင်း နောက်ဆုံးစကား ဟောပြော ဆုံးမတော်မူလေသည်။

"သင်တို့ကိုယ်ကို မီးရှူးတန်ဆောင်ပြုပါ။ ကိုယ့်ကိုယ်ကိုသာ အားကိုးပါ။ မည်သူ့ကိုမျှ အားမကိုး ပါနှင့်။ ငါ၏ သွန်သင်ဟောပြောမှုများကိုသာ အသင်တို့၏ လမ်းပြမီးတိုင်များအဖြစ် မှတ်ယူကျင့်သုံးပါ။ အခြားသော သွန်သင် ဟောပြောမှုများကို မှီခိုခြင်း မပြုပါနှင့်။

သင်တို့၏ ကိုယ်ခန္ဓာကို ညစ်ညမ်းမှုကို စဉ်းစားကြည့်ပါက၊ ဆင်းရဲမှုသော် လည်းကောင်း၊ ချမ်းသာမှုသော် လည်းကောင်း၊ ဒုက္ခ၏ အကြောင်းရင်းဖြစ်သည်ကို သိပါလျက်နှင့်၊ အဘယ်ကဲ့သို့ ကာမ ဂုဏ် အရသာတွင် ပျော်ပိုက်နိုင်ပါမည်နည်း။ မိမိ "ကိုယ်"(အတ္တ) ကို စဉ်းစားကြည့်ပါ။ မတည်မြဲမှုကို ဆင်ခြင်ကြည့်ပါ။ နောက်ဆုံးတွင် မလွဲမရှောင်သာပဲ ဆင်းရဲဒုက္ခနှင့် အဆုံးသတ်ရမည်ကို သိလျက်၊ မှားယွင်းသော အမြင်မျိုးဖြင့် မာန်မာနနှင့် လောဘစိတ်များကို မြတ်နိုးလက်ခံနိုင် ပါသနည်း။ အရာဝတ္ထု ခပ်သိမ်းကို စဉ်းစားကြည့်ပါ။ တည်မြဲသော "ကိုယ်" ဟူ၍ ရှိပါသလော။ ယင်းတို့သည် အနေးနှင့်အမြန် ကြေမွ၊ ပျက်စီးလွင့်စင်သွားကြမည့် အရာများ မဟုတ်ပါလော။ အနတ္တဟု ထင်မှတ်ပါ။ ဆင်းရဲဒုက္ခ အပေါင်းတို့မှာ လူတိုင်း အတူတူ ဖြစ်သည်ဟူသောအချက်ဖြင့်၊ ဇဝေဇဝါ မဖြစ်ကြပါနှင့်။ ငါ၏ တရားတော် ကို လိုက်နာကျင့်သုံးပါက၊ ငါကွယ်လွန်ပြီးသည့် နောက်၌ပင် အသင်သည် ဆင်းရဲဒုက္ခအပေါင်းမှ လွတ် ကင်းမည် ဖြစ်ပါသည်။ ဤသို့ ပြုလုပ်ပါက၊ အသင်သည် ငါ၏ စစ်မှန်သော တပည့် ဖြစ်ချေမည်။"

၂. "တပည့်တို့ ငါ၏ သွန်သင်ဟောပြောချက်များကို မည်သည့်အခါမျှ မေ့လျော့ခြင်း၊ စွန့်ပစ်ခြင်း မပြု ပါနှင့်။ ယင်းတို့ကို အမြဲတစေ အမြတ်တနိုးထား၍ အမြဲတစေ စဉ်းစားသုံးသပ်ကာ လက်တွေ့ကျင့်သုံး ရမည် ဖြစ်ပေသည်။ အကယ်၍

ဤပြောဟောချက်များအတိုင်း လိုက်နာကျင့်သုံးမည် ဆိုပါက အသင်သည် အမြဲပင် ပျော်ရွှင်ချမ်းသာမည် ဖြစ်သည်။

ဤ သွန်သင်ဟောပြောချက်များ၏ အဓိကအချက်မှာ အသင်တို့၏ ကိုယ်ပိုင်စိတ်ဓါတ်ကို ထိန်း ချုပ်ရေးပင် ဖြစ်သည်။ အသင်၏ စိတ်ကို လောဘမှ ကင်းဝေးအောင် ထားပါက အသင်၏ ကိုယ်ခန္ဓာ လည်း အမှန်အတိုင်း တည်ရှိနေမည် ဖြစ်ပြီး အသင်၏စိတ်သည် သန့်ရှင်းကြည်လင်၍ သစ္စာရှိသော စကားများကို ပြောဆိုပေလိမ့်မည်။ ဘဂ၏ မတည်မြဲမှုကို အနိစ္စဟူ၍ အမြဲ ဆင်ခြင်စဉ်းစားပါက အသင်သည် လောဘနှင့်ဒေါသများကို ချုပ်ထိန်းနိုင်မည် ဖြစ်ပြီး၊ မကောင်းမှုမှန်သမျှကို ရှောင်ရှားနိုင်မည် ဖြစ်ပေ သည်။

စိတ်၏ ဆွဲဆောင်မှုကြောင့် လောဘရမက်ထဲ၌ တဂဲလည်လည် ဖြစ်နေပါက၊ အသင်သည် ယင်း ဆွဲဆောင်မှုများကို ဖိနှိပ်ချိုးနှိမ်ရမည် ဖြစ်သည်။ မိမိ၏ စိတ်ကို နိုင်အောင် ထိန်းချုပ်ကြရမည် ဖြစ်သည်။

စိတ်သည် လူကို ဗုဒ္ဓ ဖြစ်စေနိုင်သကဲ့သို့၊ တောရိုင်းတိရစ္ဆာန်အဖြစ်လည်း ဖြစ်စေနိုင်ပေသည်။ အမှားနောက်သို့ လိုက်ပါက ရက္ခဘီလူး ဖြစ်လာမည်ဖြစ်ပြီး၊ အမှန်တရားကို သိရှိပါက ဗုဒ္ဓ ဖြစ်လာမည် ဖြစ်ပေသည်။ ထို့ကြောင့် အသင်၏ စိတ်ကို ချုပ်ထိန်းကာ၊ အမှန်တရားမှ တိမ်းစောင်းချွတ်ချော်ခြင်း မဖြစ်ပါစေနှင့်။"

၃. "တပည့်တို့ ငါ၏ ပြောဆိုဆုံးမမှုအောက်တွင် အသင်တို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေး စားကြ၍၊ အငြင်းပွားမှုများကို မဖြစ်စေရဘူး။ အသင်တို့သည် ဆီနှင့်ရေကဲ့သို့ မပေါင်းစပ်နိုင်သည့် အခြေ အနေမျိုး မဖြစ်သင့်ပဲ နို့နှင့်ရေကဲ့သို့ အတူတကွ ပေါင်းစပ်ရမည် ဖြစ်ပေသည်။

ငါ၏ ဆုံးမသွန်သင်မှုများကို အတူတကွ လေ့လာဆည်းပူး၍ အတူတကွ ကျင့်ကြံနေထိုင်ကြပါ။ ပျင်းရိမှုနှင့် အငြင်းပွားမှုများဖြင့် အသင်၏ စိတ်နှင့် အချိန်ကို အလဟဿ မဖြုန်းတီးပါနှင့်။ အမှန်တရား ၏ ပန်းမာန်များကို ဆွတ်ခူး၍ လမ်းမှန်အတိုင်း ကျင့်သုံးနေထိုင်ကြပါ။

တပည့်တို့၊ ငါကိုယ်တိုင် လိုက်နာကျင့်သုံး၍ သိရှိလာရသော အမှန်တရား

များကို သင်တို့အား သင်ကြားဟောပြောခဲ့သည်။ အသင်တို့သည်၊ ဤတရားတော်များကို အမြဲမပြတ် လိုက်နာကျင့်သုံး သင့်ပေသည်။

အကယ်၍ ထိုကဲ့သို့ ကျင့်ကြံခြင်း မပြုပါက၊ အသင်သည် ငါနှင့် လုံးဝမတွေ့ဘူးသော အဓိပ္ပာယ် မျိုး သက်ရောက်မည်သာ ဖြစ်ပေသည်။ အသင်သည်၊ ငါနှင့် အတူတူ ရှိနေသော်လည်း ငါနှင့် အလှမ်းဝေး နေသည့် သဘောမျိုး သက်ရောက်မည် ဖြစ်သည်။ သို့ရာတွင် အကယ်၍ ငါ၏ ဟောပြောချက်များကို အသင် လက်ခံကျင့်သုံးမည် ဆိုပါက အသင်သည် ဝေးလံလှသော နေရာ၌ ရှိနေစေကာမူ ငါနှင့်အတူ ရှိနေသည့်သဘောမျိုး သက်ရောက်ပေမည်။"

၄. "တပည့်တို့ ၊ ငါနှင့်အသင်တို့ ခွဲခွာရတော့မည့်အချိန် နီးကပ်လာပေပြီ။ သို့ရာတွင် ဂမ်းနည်း ကြေကွဲခြင်း မဖြစ်ကြပါနှင့်။ ဘဝသည် အစဉ်အမြဲ ပြောင်းလဲနေ၍ သေခြင်းကို မည်သူကမျှ ရှောင်ကွင်း ၍မရပါ။ ငါ၏ ကိုယ်ခန္ဓာသည် ဆွေးမြေ့နေသော လှည်းတစ်စီး ပြိုကျပျက်စီးသွားသကဲ့သို့၊ ငါ၏ သေဆုံး မှုက ဤအချက်ကို အနိစ္စတရားအဖြစ် သရုပ်ဖော်ပြမည် ဖြစ်သည်။

အဆင်ခြင်ကင်းမဲ့စွာ ပူဆွေးခြင်းမပြုပဲ၊ ထာဝစဉ် တည်မြဲသောအရာဟူ၍ မရှိ ဟူသော အသိ စိတ်ဖြင့်၊ လူ့ဘဝ၏ အနတ္တသဘောကို ရှုမြင်သုံးသပ်ကြပါ။ ပြောင်းလဲနေသော အရာကို မပြောင်းလဲနိုင် သောအရာ ဖြစ်လာလိမ့်မည် ဟူသော တန်ဖိုးမရှိသည့် လိုအင်ဆန္ဒမျိုး၌ မြတ်နိုးတွယ်တာခြင်း မဖြစ်ကြ ပါနှင့်။

ကာမဂုဏ် လောဘစိတ်ရိုင်းသည် လူ့စိတ်ကို လှည့်ဖြားရန်၊ အမြဲပင် အခွင့်ကောင်းကို စောင့်မျှော် နေပေသည်။ အကယ်၍ အခန်းထဲ၌ မြွေဆိုး တစ်ကောင် ရှိနေ၍ အသင်က အေးချမ်းစွာ အိပ်စက်လိုမည် ဆိုပါက အသင်သည် မြွေဆိုးကို ရှေးဦးစွာ မောင်းနှင်ပစ်ရမည် ဖြစ်ပေသည်။

အသင်သည် မြွေဆိုးကဲ့သို့သော ကာမဂုဏ်ရမက်စိတ်များကို မောင်းထုတ်ပစ်ရမည် ဖြစ်သည်။ အသင်၏ စိတ်ကို ကာကွယ်စောင့်ထိန်းရမည် ဖြစ်သည်။"

၅. "တပည့်တို့၊ ငါ၏ နောက်ဆုံးသောအချိန်ပိုင်းလည်း ရောက်ရှိလာပေပြီ။

သို့ရာတွင် သေခြင်းဟူသည်မှာ ရုပခန္ဓာကိုယ်၏ ပျောက်ကွယ်မှုသာ ဖြစ်ကြောင်းကို မမေ့ကြပါနှင့်။ ခန္ဓာကိုယ်သည် မိဘများက မွေးထုတ်လိုက်ပြီးသည့်နောက် အာဟာရများဖြင့် ကြီးထွားလာခြင်းသာ ဖြစ်၍ ဖျားနာခြင်းနှင့် သေဆုံး ခြင်းများကို ရှောင်ကွင်း၍ မရပါ။ ပျက်မြဲဓမ္မတာတည်း။

ဗုဒ္ဓ အစစ်သည် လူ့ကိုယ်ခန္ဓာ မဟုတ်ပေ။ ၎င်းသည် အမှန်တရားကို သိမြင်ခြင်းသာ ဖြစ်ပေ သည်။ လူ့ကိုယ်ခန္ဓာက ပျောက်ကွယ်သွားမည် ဖြစ်သော်လည်း၊ အမှန်တရား၏ အသိဉာဏ်များမှာ မူကား သုတ်တော်၌၎င်း၊ ဂိုနည်းတော်၌၎င်း၊ ထာဝရကိန်းအောင်း တည်ရှိနေမည် ဖြစ်ပါသည်။ ငါ၏ ကိုယ်ခန္ဓာကိုသာ တွေ့မြင်သူသည် အမှန် တွေ့မြင်ခြင်း မဟုတ်၊ ငါ၏ သွန်သင်ဟောပြောမှုများကို လက်ခံသူသာလျှင် ငါ့ကို အမှန်တွေ့မြင်ခြင်း ဖြစ်ပေသည်။

ငါ သေဆုံးပြီးသည့်နောက် ငါ့ ဟောကြားပညတ်သည့် သုတ်နှင့် ဂိုနည်းတရား အပေါင်းသည် ဓမ္မ ဖြစ်သည်။ ဤသုတ်နှင့် ဂိုနည်းကို လိုက်နာ ကျင့်သုံးပါက ငါ၏ တပည့်ကောင်း ဖြစ်ပေမည်။

တပည့်တို့၊ ငါ့ဘဝ၏ နောင်းပိုင်း၊ ၄၅-နှစ်တာ ကာလအတွင်း၊ ငါသည် ထိန်ချန်ခြင်း မရှိဘဲ အလုံးစုံ သင်ပြဟောပြောခဲ့ပေသည်။ လျှို့ဝှက်သင်ကြားခြင်း၊ လျှို့ဝှက်သော အနက်အဓိပ္ပာယ်မျိုး လုံးဝ မရှိပေ။ အလုံးစုံကို ပွင့်လင်းစွာနှင့် ရှင်းလင်းပြတ်သားစွာ သင်ပြဟောပြောခဲ့ပါသည်။ တပည့်တို့ ဤ သည်မှာ နောက်ဆုံးပင် ဖြစ်၍ ခဏတာအတွင်း၌ပင်၊ ငါသည် ပရိနိဗ္ဗာန်သို့ ဝင်စံတော့မည် ဖြစ်သည်။ ဤသည်မှာ ငါ၏ သွန်သင်ညွှန်ကြားချက်များပင် ဖြစ်ပါသည်။”

# အခန်း နှစ်

# အနိုင်းမဲ့ ဗုဒ္ဓ

## I

## ဗုဒ္ဓ၏ ကရုဏာတော်နှင့် သံနိဋ္ဌာန်များ

၁. ဗုဒ္ဓ၏ စိတ်ဓာတ်သည် ချစ်ခင်ကြင်နာမှုနှင့်၊ ကရုဏာထားမှုတို့ပင်ဖြစ်ပေသည်။ ချစ်ခင်ကြင် နာစိတ်မှာ (မေတ္တာဟု ပြောင်းလဲနိုင်ပါသလား၊ ပြောင်းလဲသင့်ပါသလား။ အင်္ဂလိပ်လို Great Loving Kindness)၊ လူသားအားလုံးတို့အား ဖြစ်နိုင်သောနည်းဖြင့် ကယ်တင်ရန်ဖြစ်သည်။ ကရုဏာစိတ်မှာမူ လူသားများ၏ ဖျားနာမှု၊ ဆင်းရဲဒုက္ခများကို မိမိကိုယ်တိုင်သိမြင် ခံစားခြင်းပင် ဖြစ်ပေသည်။

ကရုဏာထားခြင်းမှာ ဗုဒ္ဓဖြစ်စဉ်၏ ပင်ကိုယ်သဘာဝပင် ဖြစ်သောကြောင့် "အသင်၏ ဆင်းရဲ ဒုက္ခများသည် ငါ၏ ဆင်းရဲဒုက္ခများပင် ဖြစ်၍၊ အသင်၏ ပျော်ရွှင်မှုသည် ငါ၏ ပျော်ရွှင်မှုပင် ဖြစ်သည်" ဟု ပြောကြားကာ၊ ဗုဒ္ဓသည် မိခင်က ရင်သွေးကို အမြဲ ချစ်သည့် နည်းတူ၊ ကြင်နာကရုဏာ ထားသည့် စိတ်ဓာတ်မျိုးကို ခဏတာမျှ မေ့ပျောက်ခြင်း မရှိပေ။

ဗုဒ္ဓ၏ ကရုဏာစိတ်ဓာတ်သည် လူသားတို့၏ လိုအပ်ချက်နှင့်အညီ နိုးကြားလာ၏။ လူသားများ၏ ယုံကြည်ကိုးစားမှုသည် ဤစိတ်ဓာတ်အပေါ် တုံ့ပြန်ချက်ပင် ဖြစ်၍၊ ယင်းမှ တစ်ဆင့် အမှန်တရားကို ရရှိ နိုင်ပေသည်။ မိခင်က ကလေးငယ်ကို ချစ်မြတ်နိုးခြင်းဖြင့် မိခင်၏ ဘဝဖြစ်စဉ်ကို နားလည်သဘော ပေါက်သကဲ့သို့ ကလေးငယ်သည်လည်း မိခင်မေတ္တာကို တုံ့ပြန်ခံစားကာ စိတ်ချမ်းသာမှုမျိုးကို ခံစားရ လေသည်။

သို့တိုင်အောင် လူသားများသည် ဗုဒ္ဓစိတ်ဓာတ်ကို နားမလည်ကြပဲ၊ ၎င်းတို့၏ နားမလည်မှုမှ ပေါ်ထွက်လာသော ထင်ယောင်ထင်မှားမှုများနှင့် လောဘရမက်များကို ဆက်လက် ခံစားနေကြပေ သည်။ ၎င်းတို့သည် ၎င်းတို့၏ ကာမဂုဏ်ရမက်များမှ စုပုံလာသော ကိုယ်ပိုင်လုပ်ရပ်များကို ခံစားရကာ လေးလံလှသော မကောင်းမှု

ဂန်ထုပ်ကို သယ်ပိုး၍ ထင်ယောင်ထင်မှားသည့် တောတောင်ထဲတွင် တဝဲလည်လည် ဖြစ်နေကြပေသည်။

၂. ဗုဒ္ဓ၏ မေတ္တာကရုဏာများသည် လက်ရှိဘဝအတွက်သာဟု မထင်မှတ်ပါနှင့်။ ၄င်းသည် မခန့်မှန်းနိုင် သည့်အချိန်မှစ၍ တည်ရှိလာခဲ့သော အနိုင်းမဲ့ဗုဒ္ဓ၏ အချိန်အကန့်အသတ် မရှိသည့် ကရုဏာတော်ပင် ဖြစ်၍ မသိနားမလည်သောကြောင့် လူသားများ မှားယွင်းဖော်ပြခဲ့ချိန်ကပင် တည်ရှိခဲ့ပေသည်။

ထာဂရဗုဒ္ဓသည် လူသားများရှေ့၌ အချစ်ခင်ဆုံးသော အသွင်ဖြင့်သာ၊ အမြဲတမ်း ပေါ်ပေါက်လာ၍၊ လူသားများအတွက် ပညာအရှိဆုံးသော သက်သာချမ်းသာမှု နည်းလမ်းများကို ယူဆောင်လာပေ သည်။

သကျသာကီဂင် လူမျိုးများထဲ၌ မင်းသားအဖြစ် ဖွားမြင်လာခဲ့သော သကျမုဏိဘုရားသည် တောထွက်၍ ဒုက္ကရစရိယကို ကျင့်သုံးခဲ့သည်။ ဆိတ်ငြိမ်စွာ တရားထိုင်ခြင်းမှတဆင့် သဗ္ဗညုတဉာဏ်ကို ရရှိခဲ့ပေသည်။ ဗုဒ္ဓသည် လူသားများ အတွင်း၌ ဓမ္မတရားတော်ကို ဟောကြားတော်မူပြီး နောက်ဆုံး၌ ပရိနိဗ္ဗာန်စံ လွန်တော်မူလေသည်။

ဗုဒ္ဓ ဖြစ်စဉ်၏ ထာဂရ တည်မြဲသော လုပ်ရပ်များကို လူသားများက အလုံးစုံ နားမလည်နိုင်ချေ။ မသိနားမလည်မှု၏ အတိမ်အနက်ကို တိုင်းတာ၍ မရသကဲ့သို့ပင် ဗုဒ္ဓ၏ မေတ္တာကရုဏာများသည်လည်း တိုင်းတာ၍ မရနိုင်ပေ။

လောကီဘဝမှ ခွဲထွက်၍၊ အကျွတ်တရားရရှိရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ခါစ၌ ဗုဒ္ဓသည် သန္နိဋ္ဌာန် ၄-ရပ်ကို ချမှတ်ခဲ့ပေသည်။ လူသား အားလုံးတို့အား ကယ်တင်ရန်၊ လောဘရမက် အားလုံးကို စွန့်လွှတ်ရန်၊ အသိပညာရပ်အားလုံးကို ဆည်းပူးရန်နှင့် အမှန်တရားကို ရရှိရန်တို့ပင် ဖြစ် သည်။ ဤသန္နိဋ္ဌာန်များသည် ဗုဒ္ဓဖြစ်စဉ်၏ အခြေခံ သဘာဂဖြစ်သော မေတ္တာနှင့် ကရုဏာများကို ဟော ပြောခဲ့လေသည်။

၃. ဗုဒ္ဓသည် ရှေးဦးပထမ သက်ရှိသတ္တဝါအားလုံးကို ကြင်နာသနားပြီး၊ သူတစ်ပါး၏ အသက်ကို သတ်သော ဒုစရိုက်မှုမှ ရှောင်ရှားနိုင်ရန်၊ မိမိကိုယ်ကို လေ့ကျင့်ခဲ့ပေသည်။ ယင်းသို့ လေ့ကျင့်ခြင်းဖြင့် အသက်ရှည်ခြင်းအကျိုးကို လူအားလုံး သိရှိနိုင်စေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် သူတပါး၏ဥစ္စာကို ခိုးယူခြင်း၏ ဒုစရိုက်မှုမှ ကင်းလွတ်နိုင်စေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် သန့်ရှင်းစင်ကြယ်သော စိတ်ဓာတ်နှင့် မပြည့်စုံနိုင်သော ရမက်များကို မခံစားရစေရန်၊ လူအားလုံးတို့အား သိရှိစေနိုင်ရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် လိမ်လည်မုသားပြောဆိုမှုများမှ ကင်းလွတ်စေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် လူသားအားလုံး တို့အား အမှန်တရားကိုသာ ပြောဆိုခြင်းဖြင့် ပေါ်ပေါက်လာသော စိတ်၏ တည်ငြိမ်အေးချမ်းမှုကို သိရှိ စေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် စကားနစ်ခွ မပြောမိစေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် လူတိုင်းလူတိုင်းအား ချစ်ခင်ရင်းနှီးစွာ ပေါင်းဖက်ကြ၍ ပျော်ရွှင်ဖွယ်ရာများကို သိရှိစေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် အခြားသူများအား သတင်းအဖျင်းပြောဆိုမှုများ မပြုလုပ်မိစေရန် လေ့ကျင့်ခဲ့ခြင်းဖြင့် လူတိုင်းလူတိုင်း၌ ငြိမ်းချမ်းစွာ အတူတကွ စုပေါင်းနေထိုင်မှုမှ ဖြစ်ပေါ်လာသော တည်ငြိမ်အေးချမ်း သည့် စိတ်များကို ရရှိစေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် အကျိုးမရှိသော စကားပြောဆိုမှုများကို လုံးဝမပြုမိစေရန် လေ့ကျင့်ခဲ့ခြင်းအားဖြင့် ကိုယ်ချင်းစာနာစွာဖြင့် နားလည်မှုရှိခြင်း၏ အကျိုးကို လူအားလုံးတို့အား သိရှိစေရန် ဟောပြောခဲ့ပေ သည်။

ဗုဒ္ဓသည် ကိလေသာ လောဘရမက်မှ ကင်းဝေးစေရန်၊ လေ့ကျင့်ခဲ့ခြင်းအားဖြင့် လောဘရမက် ကင်းစင်မှုနှင့် အတူဒွန်တွဲ ပါရှိလာသော ငြိမ်းချမ်းမှုကို လူတိုင်းသိရှိနိုင်စေရန် ဟောပြောခဲ့ပေသည်။

ဗုဒ္ဓသည် သူတစ်ပါးကို မုန်းတီးခြင်းမှ ရှောင်ကွင်းနိုင်စေရန် လေ့ကျင့်ပြီးနောက် လူ အားလုံးတို့အား တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြစေရန် ဟောပြော

ခဲ့ပေသည်။

ဗုဒ္ဓသည် မောဟကို ရှောင်ရှားနိုင်စေရန် လေ့ကျင့်ခဲ့ခြင်းအားဖြင့် ဖြစ်ပျက်မှု အကြောင်းတရားကို လူတိုင်းသိရှိနားလည်ပြီး လျစ်လျူမရှုစေရန် ဟောပြောခဲ့ ပေသည်။

ဤသို့ဖြင့် ဗုဒ္ဓ၏ မေတ္တာကရုဏာသည် လူသားအားလုံးနှင့် သက်ဆိုင်၍ လူသားအားလုံး၏ ပျော်ရွှင်ချမ်းသာမှုအတွက်ကိုသာ ရည်မှန်းခဲ့ပေသည်။

ဗုဒ္ဓသည် မိဘများက ၎င်းတို့၏ သားသမီးများကို ချစ်မြတ်နိုးသည့်နည်းတူ၊ လူသားများအား ချစ်မြတ်နိုး၍ လူသားများအတွက် အကြီးမားဆုံးသော ဆုမွန်ဖြစ်စေသည့် အသက်ရှင်ခြင်းနှင့် သေခြင်း တည်း ဟူသော ပင်လယ်သမုဒ္ဒရာ၏ နိဗ္ဗာန်တဖက်ကမ်းသို့ ဖြတ်ကူးနိုင်စေရန် ဟောပြောခဲ့ပေသည်။

# II
# ကယ်တင်ပေးနိုင်သော တရား

၁. အမှန်တရား၏ တဖက်ကမ်းမှနေ၍ ဟောပြောတော်မူသော ဗုဒ္ဓ၏ တရားစကားများကို၊ ကိလေသာ လောကထဲတွင် ရုန်းကန်လှုပ်ရှားနေသူများ ကြားသိနိုင်ရန် လွန်စွာခက်ခဲလှပေသည်။ ထို့ကြောင့် ဗုဒ္ဓ မြတ်စွာဘုရားသည် သံသရာဝဋ္ဋ ဆင်းရဲအပေါင်းမှ လွတ်မြောက်ရန် ဖြစ်သော တရားများကို ဟောဖော် ညွှန်ပြလေသည်။

"အသင်တို့အား ဥပမာ ဥပမေယျတစ်ခု ပြောပြမည်" ဟု ဗုဒ္ဓက မြွက်ကြားတော်မူသည်။

"တရံရောအခါက ကြွယ်ဝချမ်းသာလှသော သူဌေးတစ်ဦး၏ နေအိမ်ကို မီးစွဲလောင်လေသည်။ ထိုအချိန်က အိမ်တွင် မရှိသော သူဌေးကြီးသည် နေအိမ်သို့ ပြန်ရောက်လာသောအခါ ကစားခုံစားမှုတွင် စိတ်ပါဝင်စားနေသဖြင့် အိမ်မီးလောင် သည်ကို သတိမပြုမိကြသော ၎င်း၏ ကလေးများအိမ်ထဲတွင် ရှိနေကြဆဲ

ဖြစ်ကြောင်း သိရှိရလေသည်။ "အိမ်ထဲကနေ မြန်မြန် ပြေးထွက်လာ ကြ" ဟု ဖခင်သူဌေးကြီးက အော်ပြောသော်လည်း ကလေးများကမူ အဖေခေါ်သံကို ဂရုမပြု ကြပေ။ ထို့ကြောင့် စိုးရိမ်ပူပန်စွာဖြင့် ဖခင်က ထပ်မံအော်ပြောပြန်လေသည်။ "ကလေးတို့၊ ဖေဖေ့ ဆီမှာ ကစားစရာ အရုပ်ဆန်းတွေ ရှိတယ်။ ထွက်လာယူကြ" ။ ဤတစ်ကြိမ်တွင်မူ ကလေးသူငယ် များသည် မီးလောင်နေသော အိမ်ထဲမှ ပြေးထွက်လာ၍ အသက်ဘေးမှ လွတ်ကင်းနိုင်ကြလေ တော့သည်။"

ဤလောကကြီးသည်လည်း မီးလောင်နေသော အိမ်ပင် ဖြစ်ချေသည်။ သို့ရာတွင် အိမ် မီးလောင် နေကြောင်း သတိမမူမိကြသော လူသားများသည် မီးလောင်သေဆုံးကြရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေ ကြရပေသည်။ ထို့ကြောင့် ဗုဒ္ဓသည် မဟာကရုဏာစိတ်ကြီးစွာဖြင့် ၎င်းတို့အား ကယ်တင်ရန် နည်းလမ်း များကို တည်ထွင်ကြံဆလေသည်။

၂. ဗုဒ္ဓက မြွက်ကြားတော်မူသေး၏။ "အသင်တို့အား နောက်ပုံပြင်တစ်ခု ပြောပြမည်။ တစ်ရံရော အခါက သူဌေးကြီးတစ်ဦး၏ တစ်ဦးတည်းသောသားသည် နေအိမ်မှ ထွက်သွားပြီးသည့်နောက် ဆင်းရဲ ငတ်မွတ်လှသည့် ဘဝသို့ ရောက်ရှိနေလေသည်။

ဖခင်သည် နေအိမ်မှ ဝေးလံစွာ ထွက်ခွာသွားသည့် သားဖြစ်သူအား ရှာဖွေခဲ့သော်လည်း လမ်းစ ပျောက်ခဲ့ မည်သို့မျှ ရှာမတွေ့နိုင်အောင် ဖြစ်နေလေသည်။ နှစ်ပေါင်းအတော်ကြာလာသော် ဆင်းရဲငတ် ပြတ်နေသော သားဖြစ်သူသည် ဖခင်နေရာမြို့သို့ တဝဲလည်လည် ရောက်ရှိလာလေသည်။

မိမိသားကို ချက်ချင်းမှတ်မိသော ဖခင်က၊ သားဖြစ်သူအား အိမ်သို့ခေါ်ဆောင်လာစေရန်၊ ၎င်း၏ အခိုင်းအစေများအား စေလွှတ်လိုက်လေသည်။ သို့ရာတွင် ကြီးကျယ်ခမ်းနားလှသော နေအိမ်ကို တွေ့ မြင်ရ၍ ကြောက်ရွံ့ထိတ်လန့်နေရုံသာမက မိမိအား လှည့်ဖြားနေသည်ဟု ထင်မှတ်ကာ သားဖြစ်သူက လာခေါ်သူများနောက်သို့ လိုက်မသွားချေ။ မိမိ၏ ဖခင် ဖြစ်ကြောင်းကိုလည်း မသိရှာပေ။

**အနှိုင်းမဲ့ ဗုဒ္ဓ**

ဖခင်က ၎င်း၏ အခိုင်းအစေများအား ထပ်မံစေလွှတ်ကာ ချမ်းသာလှသော သူဌေးကြီး၏ နေအိမ် ၌ အစေခံလုပ်မည် ဆိုပါက ငွေအသပြာ အသင့်အတင့်ရမည် သေချာကြောင်း မှာကြားလိုက်လေသည်။ ဤတစ်ကြိမ်တွင်မူ သားဖြစ်သူသည် ကမ်းလှမ်းချက်ကို လက်ခံကာ အစေခံတစ်ဦးအဖြစ် ဖခင်၏ နေ အိမ်သို့ လိုက်ပါသွားလေသည်။

ဖခင်ဖြစ်သူသည် ၎င်းအား ရတနာရွှေငွေနှင့် ဂတ္တာပစ္စည်းအားလုံးကို တာဝန်ယူ ချုပ်ထိန်းစေ သည်အထိ တဖြည်းဖြည်းချင်း ရာထူးတိုးမြှင့်ပေးလေသည်။ သို့တိုင်အောင် သားဖြစ်သူသည် ၎င်း၏ ကိုယ်ပိုင် မွေးသဖခင်အား မမှတ်မိသေးပေ။

သားဖြစ်သူ၏ သစ္စာရှိမှုအပေါ် ဖခင်က ဝမ်းသာအားရ ဖြစ်သဖြင့် ကွယ်လွန်ခါနီးအချိန်၌ ၎င်း၏ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို ခေါ်ယူ စုရုံးစေကာ "မိတ်ဆွေတို့ နှစ်ပေါင်းများစွာ ကျွန်ုပ် ရှာဖွေနေခဲ့ သော တစ်ဦးတည်းသော သားသည် ဤလူပင် ဖြစ်ချေသည်။ ယခုအချိန်မှစ၍ သူသည် ကျွန်ုပ်၏ ရတနာ ရွှေငွေပစ္စည်းအားလုံးကို ပိုင်ဆိုင်သူဖြစ်သည်" ဟု ဂန်ခံပြောကြားလိုက်သည်။

ဖခင်၏ ဂန်ခံပြောကြားချက်ကြောင့် အံ့အားသင့်သွားသော သားဖြစ်သူက "ကျွန်ုပ်သည် ဖခင်အား ပြန်လည်တွေ့ရှိခဲ့ရုံသာမက ဤရတနာရွှေငွေပစ္စည်း အားလုံးကိုလည်း ယခုအခါတွင် မမျှော်လင့်ဘဲ ပိုင်ဆိုင်ခွင့်ရပေပြီ" ဟု ပြောဆို လေသည်။

ဤပုံပြင်ထဲတွင် ပါရှိသော သူဌေးကြီးဆိုသည်မှာ ဗုဒ္ဓဖြစ်၍ တဂဲလည်လည် ဖြစ်နေသော သားဆို သူမှာ လူသားအားလုံးကို ရည်ညွှန်းသည်။ ဖခင်က တစ်ဦး တည်းသောသားအပေါ် ထားရှိသည့် အချစ်မျိုးဖြင့်ပင် ဗုဒ္ဓ၏ မေတ္တာကရုဏာ သည်လည်း လူသားအားလုံးအပေါ် သိုင်းခြုံနေလေသည်။ ထိုမေတ္တာစိတ် မျိုးဖြင့်ပင် ဗုဒ္ဓသည် လူသားများအား အမှန်တရား ရတနာဖြင့် ပြည့်ဖြိုးနိုင်ကြစေရန် ဦးဆောင်သင်ပြပေး နိုင်မည့် အကောင်းဆုံးသော နည်းလမ်းများကို ကြံဆ ဖော်ထုတ်လေသည်။

၃. မိုးရေသည် သစ်ပင်မြက်ပင်အားလုံးအပေါ် သို့ ညီတူမျှတူ ရွာကျလာသကဲ့သို့

ဗုဒ္ဓ၏ ကရုဏာ သည်လည်း လူသားအားလုံးအပေါ် တပြေးညီ သက်ရောက်နေလေသည်။ သစ်ပင်အမျိုးမျိုးတို့သည် အတူတူဖြစ်သော မိုးရေမှ အသီးသီးသော အကျိုးထူးများကို ရရှိကြသကဲ့သို့ပင် ကွဲပြားသော သဘာဝ နှင့် အခြေအနေ မတူညီကြသော လူသားများသည်လည်း ခြားနားသော နည်းလမ်းများဖြင့် ဗုဒ္ဓ၏ ကရုဏာတော်ကို ခံစားကြရလေသည်။

၄. မိဘများသည် ၎င်းတို့၏ ကလေးသူငယ်အားလုံးကို ချစ်ကြသော်လည်း မကျန်းမာသော ကလေး အပေါ် အထူးကြင်နာယုယစိတ်ဖြင့် ချစ်သနားလေသည်။

ဗုဒ္ဓ၏ ကရုဏာတော်သည် လူသားအားလုံးအပေါ် ညီတူညီမျှပင် ထားရှိလေသည်။ သို့ရာတွင် မောဟကြောင့် ဒုစရိုက်ပေါများကာ ဘဝဂင်္ဂကြွေးကို ပိုမိုလေးလံစွာ ခံစားရမည့်သူများအား အထူး ကြင်နာသနားလေသည်။

အရှေ့ကောင်းကင်ယံတွင် ထွက်ပေါ်လာသော နေဝန်းသည် နေရာဒေသ တစ်ခုတည်းကို မျက်နှာလိုက်၊ အလေးပေးခြင်းမရှိဘဲ ကမ္ဘာတစ်ခွင်လုံး၏ အမှောင်ထုကို ရှင်းလင်းဖြစ်လေသည်။ ဗုဒ္ဓ၏ ကရုဏာတော်သည်လည်း လူသား အားလုံးအပေါ် သိုင်းခြုံကာ အမှန်တရားဘက်သို့ အားပေးပြီး မကောင်းမှုဒုစရိုက် မပြုမိစေရန် လမ်းညွှန်သွန်သင်လေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် မသိမှု အမိုက်မှောင်ကို ခွင်း၍ လူသားများအား အမှန်တရားဘက်သို့ ဦးတည် ဆောင်ကြဉ်းလေသည်။

ဗုဒ္ဓသည် ကရုဏာစိတ်အရာတွင် ဖခင်တစ်ဦးဖြစ်၍ ချစ်ကြင်နာမှုတွင် မိခင်တစ်ဦး ဖြစ်လေသည်။ မသိတတ်မှုနှင့် ကိလေသာလောက၏ တဏှာစိတ် များမှ မလွတ်ကင်းနိုင်ကြသော လူသားများသည် မကြာခဏ ပြင်းထန် လွန်းလှသည့် စိတ်ဓာတ်မျိုးဖြင့် ပြုမူတတ်ကြလေသည်။ ဗုဒ္ဓသည်လည်း လူသား အားလုံးအပေါ် ကရုဏာစိတ်များဖြင့် စိတ်ဓာတ်ပြင်းပြလှပေသည်။ ဗုဒ္ဓ၏ ကရုဏာတော် မရှိပါက လူသားများသည်လည်း ခိုကိုးရာမဲ့ ဖြစ်ချေမည်။ ၎င်းတို့သည် ဗုဒ္ဓ၏ ကလေးသူငယ် တပည့်များအဖြစ် ဗုဒ္ဓ ၏ ကယ်တင်နည်းများကို လက်ခံနာယူသင့်ပေသည်။

# III
# ထာဂရဗုဒ္ဓ

(ထေရာဂါဒ **ဗုဒ္ဓဘာသာတို့** အဆိုအရ မြတ်စွာဘုရားသည် မည်သည့်အရာမှ မမြဲကြောင်း၊ အနိစ္စတရားကို အမြဲမပြတ် ဟောကြားတော်မူလေ၍ ဤနေရာရှိ ထာဂရာ ဗုဒ္ဓဆိုသည်မှာ ထာဂရသစ္စာဓမ္မ ကို ရည်ညွှန်းပါသည်။ တည်းဖြတ်ရေး အဖွဲ့.)

၁. ဗုဒ္ဓသည် မင်းသားတစ်ဦးအဖြစ် ဖွားမြင်လာပြီးသည့်နောက် တောထွက်၍ အမှန်တရားကို ရှာဖွေ တွေ့မြင်ခဲ့သည်ဟု လူတိုင်း သိထားကြသော်လည်း အမှန်မှာ အစနှင့်အဆုံးဟူ၍ မရှိသော ကမ္ဘာကြီးထဲ ၌ ရှေးလွန်လေပြီးသော ကမ္ဘာပေါင်းများစွာကတည်းကပင် ပါရမီဖြည့်ခဲ့လေသည်။

ထာဂရဗုဒ္ဓအဖြစ် ဗုဒ္ဓသည် လူအားလုံး၏ စရိုက်၊ အကြိုက်ကို သိ၍ ကယ်တင်နည်းမျိုးစုံကို အသုံး ပြုခဲ့ပေသည်။

ဗုဒ္ဓက သင်ပြခဲ့သော ထာဂရသစ္စာဓမ္မ အမှားအယွင်း မရှိပါပေ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ သည် ကမ္ဘာလောကထဲ၌ ရှိသော အရာခပ်သိမ်းကို သိရှိတော်မူ၍ ၎င်းတို့ကို လူအားလုံးတို့အား သင် ကြားပေးသည်။

အမှန်မှာ ကမ္ဘာလောကကြီး အကြောင်းကို အမှန်အတိုင်း သိရှိနိုင်ရန် လွန်စွာ ခက်ခဲပေသည်။ မှန်သည်ဟု ထင်ရသော်လည်း မမှန်ပဲ၊ မှားယွင်းသယောင်ယောင် ထင်ရသော်လည်း မမှားယွင်းပါပေ။ လူပြိန်းများသည် ကမ္ဘာလောကကြီး၏ အမှန်တရားများကို သိရှိနိုင်မည် မဟုတ်ပါပေ။ ၎င်းတို့ကို မြတ်စွာ ဘုရားတစ်ပါးသာ အကြွင်းမရှိ သိရှိခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားသည် လောကကြီး အကြောင်းကို ဖြစ်ပျက်သည့်အတိုင်းပြသည်။ မှန်ကန်သည် ဟူ၍၎င်း၊ ဆိုးသည် ဟူ၍၎င်း၊ ဝေဖန်ခြင်း လုံးဝ မပြုပါ။ အရှိ ကို အရှိအတိုင်းသာ ဖြစ်သည်။

ဗုဒ္ဓက သင်ပြခဲ့သည်မှာ၊ ဤသည်ပင်ဖြစ်သည်။ လူသားအားလုံးတို့သည် ၎င်းတို့၏ သဘာဝ အခြေအနေ လုပ်ဆောင်ချက်များနှင့် ယုံကြည်ချက်များအရ

ကောင်းမှုကုသိုလ် ဇစ်မြစ်များကို ပျိုးထောင် ကြရမည် ဖြစ်သည်။ ဤသွန်သင်ညွှန်ပြချက်သည် ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် အကျုံးဝင်ပေသည်။

၂. ဗုဒ္ဓသည် စကားဖြင့် သာမက မိမိကိုယ်ခန္ဓာဖြင့်လည်း သင်ပြခဲ့ပေသည်။ ဗုဒ္ဓ၏ ဘဝသည် ထာဝရ ဖြစ်သော်လည်း ဆန္ဒရမက်များဖြင့် ဤဘဝကို တွယ်တာနေသူများအား သိရှိနားလည်လာစေရန် ဗုဒ္ဓ သည် မွေးခြင်းနှင့်သေခြင်းကို အသုံးပြုလေသည်။

"ဆေးဆရာတစ်ဦးသည် အဝေးသို့ရောက်ရှိနေစဉ် ၎င်း၏ ကလေးများသည် မတော်တဆ အဆိပ်စားမိကြလေသည်။ ဆေးဆရာ ပြန်လာသောအခါ၌ အခြေအနေကို တွေ့မြင်သိရှိရ၍ ဖြေဆေး ပေးလေသည်။ ပြင်းထန်စွာ အဆိပ်ဒဏ် မခံကြရ၍ သတိမလစ်သော ကလေးအချို့တို့က ဖြေဆေးကို သောက်၍၊ ပျောက်ကင်းချမ်းသာသွားကြသော်လည်း၊ အပြင်းအထန် အဆိပ်ဒဏ်သင့် သတိလစ်နေကြ သူများကမူ ဆေးသောက်ရန် ငြင်းဆန်ကြလေသည်။

သားသမီးများအပေါ် ထားရှိသော မိဘတို့၏ အချစ်စိတ်ဖြင့် ဆေးဆရာသည် ဆေးဝါးကုသရန် အပြင်းထန်ဆုံးသော နည်းလမ်းကို သုံးစွဲရန် ဆုံးဖြတ်လိုက်လေသည်။ ၎င်းက ကလေးသူငယ်များအား ဤကဲ့သို့ပြောလေသည်။ "ငါသည် ဝေးလံစွာ ခရီးထွက်ရမည် ဖြစ်သည်။ ငါသည် အသက်ကြီးရင့်ပြီ ဖြစ်၍ အချိန်မရွေး တစ်နေ့နေ့၌ သေဆုံးသွားနိုင်ပေသည်။ အကယ်၍ ငါသေသွားကြောင်း သင်တို့ ကြားသိရပါ က အဆိပ်ဖြေဆေးကို သောက်ကြပါ။ "ထို့နောက် ဆေးဆရာသည် ဝေးလံရာသို့ ခရီးထွက်ခွာသွားခဲ့ပေ သည်။ အချိန်အတန် ကြာသော် ၎င်းသည် သေဆုံးသွားပြီဟု ကလေးများအား အကြောင်းကြားရန် လူတစ်ဦးကို စေလွှတ်လိုက်လေသည်။

ဖခင် သေဆုံးသွားကြောင်း သတင်းကို ကြားသိကြရသောအခါ ဖခင်၏ ကြင်နာယုယသော စောင့်ထိန်းမှုကို ခံရတော့မည် မဟုတ်ဟူသော အသိစိတ်ဖြင့် ကလေးများသည် အထူးစိတ်ထိခိုက်သွား ကြလေသည်။ ဖခင်၏ နောက်ဆုံးပန်ကြားချက်ကို ပြန်လည်အမှတ်ရမိကြကာ၊ ၎င်းတို့သည် ဂမ်းနည်း

ကြေကွဲစွာဖြင့် ဖြေဆေးကို သောက်သုံးကြပြီး ပြန်လည် ကျန်းမာလာကြလေသည်။"

ဖခင် ဆေးဆရာ၏ လှည့်ဖြားမှုကို ပြစ်တင်ရှုံ့ချခြင်း ပြုလုပ်သူရှိပါမည်လော။ ဗုဒ္ဓသည်လည်း ယင်း ဖခင်ကဲ့သို့ပင် ဖြစ်သည်။ ဗုဒ္ဓသည် လောဘရမက်နွံထဲတွင် နစ်မြုပ်နေသူများအား ကယ်တင်ရန်၊ အသက်နှင့် ပရိနိဗ္ဗာန်ပြုခြင်းတည်း ကို သက်သေ သာဓကပြု၍ သွင်သင်ခဲ့ပေသည်။

# အခန်း သုံး

# ဗုဒ္ဓ၏အသွင်သဏ္ဍာန်နှင့်ပါရမီသုစရိုက်များ

## I

## ဗုဒ္ဓ ခန္ဓာ၏ သွင်ပြင်သုံးရပ်

၁. ဗုဒ္ဓ၏ သွင်ပြင်များမှတဆင့်၊ ဗုဒ္ဓကို သိရှိနိုင်ရန် မကြိုးစားပါနှင့်။ အဘယ်ကြောင့်ဆိုသော် သွင်ပြင် ပုံပန်းသဏ္ဍာန်များသည် စစ်မှန်သော ဗုဒ္ဓမဟုတ်ပါပေ။ စစ်မှန်သော ဗုဒ္ဓသည်လည်း အိုးနာ၊သေ ဟူသော အမှန်တရားပင် ဖြစ်လေသည်။ ဗုဒ္ဓအား သိရှိနိုင်ရန် စစ်မှန်သော လမ်းသည် အမှန်တရားဟူသော သစ္စာ ကို နားလည်သဘောပေါက်ရန်ပင် ဖြစ်သည်။

အကယ်၍ တစ်စုံတစ်ယောက်က ထူးခြားဆန်းကျယ်လှသော ဗုဒ္ဓ၏ ပုံပန်းသဏ္ဍာန်များကို တွေ့မြင်ရ၍ ဗုဒ္ဓကို သိရှိပြီဟု ထင်မှတ်ပါက၊ သူသည် မသိနားမလည်သော မျက်လုံး၏ မှားယွင်းမှုပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓအား လူသားတို့သည် သာမန်မျက်စိများဖြင့် ပုံစံတစ်ခု အသွင် မျိုး၊ အတိအကျ တွေ့မြင်နိုင်ခြင်း မရှိသောကြောင့်ပင် ဖြစ်ပေသည်။ ဗုဒ္ဓ၏ သွင်ပြင်ကို နားလည်သဘော ပေါက်လာနိုင်ရန်၊ ရှင်းလင်းဖော်ပြ၍လည်း မရနိုင်ပါပေ။ လူသားတို့၏ စကားလုံးများဖြင့် ရှင်းလင်းဖော်ပြ ရန် မဖြစ်နိုင်ပါပေ။

ဗုဒ္ဓ၏ အသွင်သဏ္ဍာန်ကို ကျွန်ုပ်တို့ ပြောဆိုလေ့ရှိကြသော်လည်း ထာဝရဗုဒ္ဓသည် ပုံသေ သဏ္ဍာန်မျိုး ရှိသော်လည်း အလိုရှိပါက အသွင်မျိုးစုံဖြင့် ဖော်ပြနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အသွင် သဏ္ဍာန်ကို ထင်ရှားစွာ တွေ့မြင်ရသော်လည်း အသွင်သဏ္ဍာန်အပေါ် တွယ်တာနေခြင်း မရှိပါက၊ ထိုသူ သည် ဗုဒ္ဓအား တွေ့မြင်သိရှိနိုင်စွမ်း ရှိပေသည်။

၂. ဗုဒ္ဓ၏ ခန္ဓာသည် အမှန်တရားပင် ဖြစ်သည်။ ပုံသဏ္ဍာန် မရှိဘဲ အကောင်အထည် မရှိသဖြင့် အမြဲတည်ရှိနေခဲ့ပြီး နောင်တွင်လည်း တည်ရှိ

နေမည်သာ ဖြစ်သည်။ ၎င်းသည် အစားအစာများဖြင့် အာဟာရ ဖြစ်ထွန်းစေမည့် ရူပခန္ဓာ မဟုတ်ပါပေ။ ၎င်းသည် ထာဝရခန္ဓာဖြစ်၍ အကောင်အထည်မှာ အသိဉာဏ် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသည် ကြောက်ရွံ့ခြင်း သို့မဟုတ် ရောဂါဖြစ်ပွားခြင်းများ မရှိဘဲ အမြဲ ထာဝရ ဖြစ်၍ ပြောင်းလဲခြင်း မရှိပါပေ။

ထို့ကြောင့် အမှန်တရား တည်ရှိနေသ၍ ဗုဒ္ဓသည်လည်း မည်သည့်အခါမျှ ပျောက်ကွယ်သွား မည် မဟုတ်ပါပေ။ အမှန်တရားသည် အသိဉာဏ်၏ အလင်းရောင်အဖြစ် ပေါ်ထွက်လာ၍ လူသားများ အား ဘဂအသစ်သို့ နိုးကြားစေကာ ဗုဒ္ဓကမ္ဘာ အတွင်း၌ မွေးဖွားလာစေသည်။

ဤအချက်ကို နားလည်သူများသည် ဗုဒ္ဓ၏ သားများ ဖြစ်လာလေသည်။ ၎င်းတို့သည် ဗုဒ္ဓ၏ ဓမ္မ ကို စောင့်ထိန်း၍ ဗုဒ္ဓ၏ ဟောပြောချက်များကို ဂုဏ်ပြုအလေးပေးကာ နောင်လာနောင်သားများသို့ လက်ကမ်းပေးလေသည်။ ဗုဒ္ဓ၏ တန်ခိုးတော်ထက် ထူးခြားဆန်းကြယ်သည့် အရာ မရှိနိုင်ပါပေ။

(ဤ အကြောင်းအရာများသည် ထေရဂါဒ ဗုဒ္ဓဘာသာထက်၊ တစ်ခြားသော ဘာသာ အယူအဆ နှင့် ဆက်နွယ်သော ဖော်ပြချက်များ ရောထွေးနေပါသည်။ တည်းဖြတ်ရေးအဖွဲ့)

၃. ဗုဒ္ဓတွင် ခန္ဓာသုံးဆင့် ရှိပေသည်။ ဓမ္မကာယ သို့မဟုတ် လိုအပ်ချက်သဘော၊ သံဘောဂကာယ သို့မဟုတ် ဖြစ်နိုင်စွမ်း နှင့် နိမ္မိတကာယ သို့မဟုတ် ဖော်ပြခြင်းသဘောတို့ ဖြစ်လေသည်။

ဓမ္မကာယ ဆိုသည်မှာ ဓမ္မ၏ အနှစ်ပင် ဖြစ်သည်။ ဗုဒ္ဓတွင် ပုံသဏ္ဍာန် သို့မဟုတ် အရောင်မရှိ သဖြင့် ဗုဒ္ဓသည် မည်သည့်နေရာမှ လာရောက်ခြင်း မဟုတ်ဘဲ သွားရမည့် နေရာလည်း မရှိပါပေ။ ကောင်းကင်ပြာကဲ့သို့ပင် ဗုဒ္ဓသည် အရာခပ်သိမ်းအပေါ် လွှမ်းခြုံနေ၍ အရာခပ်သိမ်းပင် ဖြစ်သဖြင့် ဘာမျှ လိုအပ်ခြင်း မရှိပါပေ။

ဗုဒ္ဓသည် လူသားများက ရှိနေသည်ဟု ထင်မှတ်၍ ရှိနေခြင်းမဟုတ်။ လူသားများက မေ့လျော့ နေ၍လည်း ပျောက်ကွယ်ခြင်းမရှိ။ ဗုဒ္ဓသည် လူများက

ပျော်ရွှင်၍ သက်သက်သာသာ ရှိသဖြင့် ထွက်ပေါ် လာရမည့် အထူးအကြောင်း အချက်မရှိသကဲ့သို့ လူများက ဂရုမပြုဘဲ မေ့လျော့နေ၍လည်း ပျောက်ကွယ် သွားရန် မလိုအပ်ပါပေ။ ဗုဒ္ဓသည် လူတို့၏ အတွေးအခေါ် ဘက်စုံတို့ထက် ကျော်လွန်နေပေသည်။

ဤသဘောအရ ဗုဒ္ဓ၏ ခန္ဓာသည် စကြာဝဠာတစ်ခုလုံး၏ နေရာတိုင်း၌ အပြည့်ရှိနေသည်။ နေရာ တိုင်းသို့ ရောက်ရှိနေ၍ ထာဝရ တည်ရှိနေကာ၊ လူများက ဗုဒ္ဓအား ယုံကြည်မှု သို့မဟုတ် သံသယ ဖြစ်နေ မှုများနှင့် မသက်ဆိုင်ပါပေ။

၄. သံဘောဂကာယ ဆိုသည်မှာ ဗုဒ္ဓ၏ သဘာဝကို ဖော်ပြ၍ ကရုဏာ နှင့် ပညာတို့၏ ပေါင်းစပ်မှု၊ ၎င်းမှာ ရုပ်မဲ့စိတ်ဓာတ် ဖြစ်ပြီး မွေးခြင်းနှင့်သေခြင်း အမှတ်လက္ခဏာမှ၎င်း၊ သံန္နိဋ္ဌာန်ချခြင်း၊ လေ့ကျင့် ခြင်းနှင့် မြင့်မြတ်သောအမည်ကို ဖော်ပြခြင်း၎င်း၊ ပေါ်လွင်ထင်ရှားစေပြီး၊ လူသားအားလုံးတို့အား ကယ် တင်ရန်ပင် ဖြစ်သည်။

ထို့ကြောင့် ကရုဏာသည် ဗုဒ္ဓခန္ဓာ၏ အနှစ်သာရဖြစ်၍ စိတ်ဓာတ် အရာအားဖြင့် ဗုဒ္ဓသည် ကျွတ် လွတ်ရန် အဆင်သင့် ဖြစ်နေသူ အားလုံးတို့အား နည်းမျိုးစုံတို့ဖြင့် ကယ်တင်လေသည်။ ထွန်းညှိပြီး၍ လောင်စာ မကုန်မချင်း၊ အမြဲတောက်လောင်နေသော မီးကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် လောကီ သံယောဇဉ်ရမက်များ၊ လုံးဝမကုန်ခမ်းမချင်း၊ ဗုဒ္ဓ၏ ကရုဏာတော်မှာလည်း မည်သည့်အခါမျှ ယိမ်းယိုင် မည် မဟုတ်ပါ။ ဖုန်များကို လေက တိုက်ခတ်ပစ်သကဲ့သို့၊ ဤခန္ဓာတွင်း၌ ရှိသော ဗုဒ္ဓ ကရုဏာတော် သည်လည်း လူ့ဆင်းရဲဒုက္ခဖုန်များကို တိုက်ခိုက်ပစ်လေသည်။

နိမ္မနကာယ၏ သဘောမှာ ဖြစ်နိုင်စွမ်းရှိသော ဗုဒ္ဓ၏ အသွင်ကို အပြည့်အဝ ဖော်ပြရန် အတွက်၊ ဗုဒ္ဓသည် ဤကမ္ဘာလောကကြီးတွင် ကိုယ်ခန္ဓာအသွင်ဖြင့် ပေါ်ထွက်လာပြီး၊ သဘာဝနှင့် စွမ်းရည် အမျိုးမျိုးအလိုက် ရှိနေကြသော လူများအား မွေးဖွားခြင်း၊ ကမ္ဘာလောကကြီးအား စွန့်လွှတ်မှုနှင့် အမှန်တရားသို့ ရောက်ရှိမှုများကို ပြသခဲ့လေသည်။ လူသားများအား ဦးဆောင်ရန် အတွက်

**ဗုဒ္ဓ၏အသွင်သဏ္ဍာန်နှင့်ပါရမီးသုစရိုက်များ**

ဗုဒ္ဓသည် ဤခန္ဓာထဲတွင် ဖျားနာခြင်းနှင့် သေခြင်းအစရှိသည့် နည်းမျိုးစုံတို့ကို အသုံးပြုလေသည်။ (ဤအကြောင်း အရာများသည် ထေရဂါဒ ဗုဒ္ဓဘာသာထက် ၊ တစ်ခြားသော ဘာသာအယူအဆနှင့် ဆက်နွယ်သော ဖေါ်ပြချက်များ ရောထွေးနေပါသည်။ တည်းဖြတ်ရေးအဖွဲ့ မှတ်ချက်)

ဗုဒ္ဓ၏ မူလအသွင်သည် ဓမ္မကာလ ဖြစ်သော်လည်း လူ့သဘာဂများ ကွာခြားမှုရှိသည်နှင့်အမျှ ဗုဒ္ဓ၏ အသွင်သဏ္ဍာန်သည်လည်း အကွဲကွဲအပြားပြား ထွက်ပေါ်လာလေသည်။ လူသားတို့၏ ကွာခြား သော လိုအင်ဆန္ဒများ၊ လုပ်ရပ်များနှင့် စွမ်းရည်များအလိုက် ဗုဒ္ဓ၏အသွင်သည် အမျိုးမျိုးပြောင်းလဲနေ သော်လည်း ၊ ဓမ္မ၏ အမှန်တရားတစ်ခုတည်းနှင့်သာ သက်ဆိုင်လေသည်။

ဗုဒ္ဓတွင် သုံးဆင့်ခန္ဓာ ရှိသော်လည်း စိတ်ဓာတ်နှင့် ရည်ရွယ်ချက်မှာမူ၊ လူသားအားလုံးတို့အား ကယ်တင်ရန် တစ်ခုတည်းသာ ရှိလေသည်။

အခြေအနေအားလုံးတို့၌ ဗုဒ္ဓသည် မွန်မြတ်သော ကိုယ်ခန္ဓာဖြင့် ပေါ်ထွက်သော်လည်း ဤခန္ဓာ မှာ ဗုဒ္ဓ မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓသည် အသွင်သဏ္ဍာန်တစ်ခု မဟုတ်သောကြောင့်ပင် ဖြစ်သည်။ ဗုဒ္ဓသည် အရာခပ်သိမ်းတို့၌ ရှိနေသည်။ ဗုဒ္ဓသည် ခန္ဓာကိုယ်အဖြစ် အမှန်တရားကို အသုံးပြု ထားပြီး၊ အမှန်တရားမှာလည်း အမှန်ကို နားလည်နိုင်စွမ်းရှိသူ အားလုံးတို့၏ ရှေ့မှောက်၌ အမြဲပေါ်ထွက် လေသည်။

# II
# ဗုဒ္ဓနှင့် ကြုံကြိုက်ခွင့်ရခြင်း

၁. ဤကမ္ဘာလောကတွင် ဗုဒ္ဓထွက်ပေါ်လာရန် (ပွင့်တော်မူရန်မှာ) လွန်စွာရှားပါးလေသည်။ ဗုဒ္ဓ ထွက်ပေါ်လာပါက ဗုဒ္ဓသည် အမှန်တရားကို တွေ့မြင်သိရှိတော်မူ၍ ဓမ္မတရားကို သွန်သင်ဟောပြော ကာ သံသယကွန်ယက်ကို ဖြတ်တောက်ပြီး ကာမရမက်ကို အမြစ်မှ ဖယ်ရှား၍ မကောင်းမှု ဇစ်မြစ်များ ကို ပိတ်ပစ်လိုက်လေသည်။ လုံးဝအနှောင်အဖွဲ့မရှိဘဲ ဗုဒ္ဓသည် ကမ္ဘာလောကကြီး

တခွင်သို့ လွတ်လပ် စွာ သွားလာလည်ပတ်လေသည်။ ဗုဒ္ဓအား ကြည်ညိုခြင်းထက် ကြီးမြတ်သောအရာ မရှိပါပေ။

ဆင်းရဲဒုက္ခ များပြားလှသော ဤကမ္ဘာကြီး၌ ဗုဒ္ဓ ထွက်ပေါ်လာခြင်းမှာ ဗုဒ္ဓသည် ဒုက္ခရောက်နေ သူများအား မစွန့်ပစ်နိုင်သောကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဓမ္မတရား ကို ကျယ်ပြန့်စွာ ဟောပြော၍ ဓမ္မ၏ အမှန်တရားဖြင့် လူသားအားလုံးတို့အား ကယ်တင်ရန်ပင် ဖြစ်သည်။

မတရားမင်းများနှင့် မှားယွင်းသော ခံယူချက်များဖြင့် ပြည့်နှက်နေသော ကမ္ဘာထဲသို့ ဓမ္မတရား ကို သွတ်သွင်းဖြန့်ဝေရန် လွန်စွာ ခက်ခဲပေသည်။ ယင်းကဲ့သို့သော ကမ္ဘာထဲတွင် လူသားများသည် မပြည့်စုံနိုင်သော ရမက်များနှင့် အခက်အခဲမျိုးစုံတို့ကို အချည်းနှီး ဆန့်ကျင်ရုန်းကန်နေကြပေသည်။ ဗုဒ္ဓ သည် ကြီးမားလှသော ကရုဏာနှင့် မေတ္တာရှိ၍သော ဤအခက်အခဲများကို ရင်ဆိုင်နိုင်ခြင်း ဖြစ်ပေသည်။

၂. ဗုဒ္ဓသည် ဤကမ္ဘာပေါ်ရှိ လူခပ်သိမ်းတို့နှင့် မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပေသည်။ အကယ်၍ လောကီရမက် ဂန်ထုပ်ကြီး ကို သယ်ပိုးနေရသူတစ်ဦးအား တွေ့ရှိပါက ဗုဒ္ဓသည် ကရုဏာထား၍ ယင်းဂန်ထုပ်ကို ကူညီထမ်းဆောင် ပေးလေသည်။ အထင်မှားနေသူတစ်ဦးနှင့် တွေ့ပါက၊ ဗုဒ္ဓသည် ဉာဏ်တော်၏ အလင်းရောင်ဖြင့် ထိုသူ ၏ အထင်မှားမှုကို ဖယ်ရှားပေးလေသည်။

နွားငယ်က မိခင်နွားမကြီးနှင့် အတူတကွ ပျော်ရွှင်စွာ နေထိုင်သကဲ့သို့၊ ဗုဒ္ဓ၏ သွန်သင်ဟော ပြောမှုများကို ကြားနာဖူးသူများသည်လည်း ပျော်ရွှင်ကြည်နူးမှု ဖြစ်ကြရသဖြင့် ဗုဒ္ဓအား စွန့်ခွာသွားလိုစိတ် မရှိတော့ပါပေ။

၃. လဂင်သွားသောအခါ လပျောက်သွားပြီဟု လူအများက ပြောကြလေသည်။ လထွက်လာသော အခါ၌ လပေါ်လာပြီဟု ပြောကြလေသည်။ သို့ရာတွင် အမှန်မှာ လသည် ပေါ်ခြင်း၊ငုတ်ခြင်း မရှိပါပေ။ ကောင်းကင်ယံတွင် အပြောင်းအလဲမရှိ၊ တောက်ပနေခြင်းသာဖြစ်သည်။ ဗုဒ္ဓသည် လကဲ့သို့ပင် ဖြစ် သည်။ ဗုဒ္ဓသည်

ထွက်ပေါ်လာခြင်း၊ ပျောက်ကွယ်သွားခြင်း မရှိ။ လူသားများအား ချစ်ခင်မြတ်နိုး သဖြင့် ဟောပြောသွန်သင်နိုင်ရန်အတွက်သာ ဤလောကတွင် လာရောက်၍ မွေးဖွားလာပြီး သေဆုံး (ပဋိနိဗ္ဗာန် ပြု ဟု အသုံးပြုလိုပါသည်) သွားခြင်းသာ ဖြစ်ပေသည်။

လူများသည် လ၏ အခြေအနေတစ်ရပ်ကို လပြည့်ဟု ခေါ်၍၊ အခြားသော အခြေအနေ တစ်ရပ် ကိုမူ လဆုတ်ဟု ခေါ်သည်။ သို့ရာတွင် အမှန်စင်စစ်မှာ လသည် အမြဲလုံးဝိုင်းနေ၍ ဆုတ်ယုတ်သွားခြင်း၊ ဆန်းသစ်ကြီးထွားလာခြင်း မရှိပါပေ။ ဗုဒ္ဓသည်လည်း လနှင့် တထေရာတည်းပင် ဖြစ်သည်။ လူသားတို့၏ မျက်စိထဲတွင် ဗုဒ္ဓ၏ အသွင်အပြင်များ ပြောင်းလဲဟန် ရှိသော်လည်း အမှန်မှာ ပြောင်းလဲခြင်း လုံးဝ မရှိပါ ပေ။

လသည် လူဦးရေ ထူထပ်ပေါများသော မြို့ပေါ်မှာ ဖြစ်စေ၊ ဆိတ်ငြိမ်သော ကျေးရွာပေါ်မှာ ဖြစ် စေ၊ တောင်၊ မြစ် အစရှိသည့် အရာအားလုံးအပေါ် နေရာတိုင်း၌ ထွက်ပေါ်လာ၏။ ရေအိုင်ထဲ၌၄င်း၊ ရေအိုးထဲ၌၄င်း၊ သစ်ရွက်ပေါ်တွင် တွဲလွဲခိုနေသော နှင်းရေစက်ထဲ၌၄င်း တွေ့မြင်နိုင်ပေသည်။ အကယ် ၍ လူတစ်ယောက်က၊ မိုင်ပေါင်းရာပေါင်းများစွာ လျှောက်သွားသော်လည်း လသည် အတူ လိုက်ပါလာ လေသည်။ လူသားများအတွက် လသည် ပြောင်းလဲသယောင် ရှိသော်လည်း၊ အမှန်မှာ လတွင် ပြောင်း လဲခြင်း မရှိပါပေ။ ဗုဒ္ဓသည် လကဲ့သို့ပင်၊ ဤကမ္ဘာထဲရှိ အခြေအနေအမျိုးမျိုး ပြောင်းလဲနေသော လူသား များ၏ နောက်၌ လိုက်ပါနေ၍၊ အသွင်မျိုးစုံကို ဖော်ပြလျက်ရှိလေသည်။ သို့ရာတွင် အမှန်မှာ၊ ဗုဒ္ဓသည် ပြောင်းလဲခြင်း မရှိပါပေ။

၄. ဗုဒ္ဓက ထွက်ပေါ်လာခြင်းနှင့် ပျောက်ကွယ်သွားခြင်း စသည်တို့မှာ ကျိုးကြောင်းဆက်စပ်မှုဖြင့် ရှင်းလင်းနိုင်ပေသည်။ အကြောင်းရင်းနှင့် အခြေအနေများ ဟပ်စပ်ပါက ဗုဒ္ဓ ပေါ်လာ၍ သင့်တော် ဟပ်စပ်ခြင်း မရှိသည့်အခါ၌ ဗုဒ္ဓသည် ကမ္ဘာပေါ်မှ ပျောက်ကွယ်သွားဟန် ရှိပေသည်။

ဗုဒ္ဓက ထွက်ပေါ်လာသည်ဖြစ်စေ၊ ပျောက်ကွယ်သွားသည်ဖြစ်စေ ဗုဒ္ဓ၏

သဘာဝမှာ အမြဲပင် အတူတူဖြစ်၏။ ဤမှုကို သိထားခြင်းဖြင့် လူတစ်ဦးတစ်ယောက်သည် အမှန်တရားလမ်းစဉ်ကို ထိန်းသိမ်းလိုက်နာ၍ ပြည့်ဝသော အသိဉာဏ်ကို ရရှိနိုင်ရန်၊ ဗုဒ္ဓ၏ ပုံသဏ္ဍာန် ပြောင်းလဲဟန်များ၊ လောက၏ အခြေအနေများ၊ သို့မဟုတ် လူ့အတွေးအခေါ် ပြောင်းလဲမှုများကြောင့် အနှောင့်အယှက် မဖြစ်စေရပေ။

ဗုဒ္ဓသည် ရူပခန္ဓာ (ရုပ်တရား) မဟုတ်ဘဲ၊ အမှန်တရားဖြစ်သည်ကို ရှင်းလင်းတင်ပြပြီး ဖြစ်သည်။ ကိုယ်ခန္ဓာကို ခံယူရာ ခွက်တစ်ခုအဖြစ် ယူဆနိုင်ပေသည်။ အကယ်၍ ဤခွက်သည် အမှန်တရားများဖြင့် ပြည့်နက်နေပါက ဗုဒ္ဓဟု ခေါ်ဆိုနိုင်ပေသည်။ ထို့ကြောင့်၊ ဗုဒ္ဓ၏ ရူပခန္ဓာကို စွဲမက်နေ၍ ပျောက်ကွယ်မှုကို ပူဆွေးနေပါက ထိုသူသည် စစ်မှန်သော ဗုဒ္ဓကို တွေ့မြင်နိုင်မည် မဟုတ်ပေ။

အမှန်မှာ အရာခပ်သိမ်းတို့၏ သဘာဝအမှန်သည် ပေါ်ထွက်လာခြင်းနှင့် ပျောက်ကွယ်ခြင်း၊ လာခြင်းနှင့် သွားခြင်း၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိမြင်တတ်ခြင်းထက် များစွာ မြင့်မားလွှမ်းခြုံနေ ပေသည်။ အရာခပ်သိမ်း တို့သည် ဂတ္တာမဲ့ဖြစ်၍ အားလုံး တူညီကြပေသည်။

ထိုကဲ့သို့သော ခွဲခြားမှုများမှာ ယင်းအခြင်းအရာများကို တွေ့မြင်သူတို့၏ မှားယွင်းသော ဝေဖန် ဆုံးဖြတ်မှုများကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓ၏ စစ်မှန်သော သဏ္ဍာန်သည် ပေါ်ထွက်လာခြင်း မရှိသကဲ့သို့ ပျောက်ကွယ်သွားခြင်းလည်း မရှိပါပေ။

## III

# ဗုဒ္ဓ၏ ကောင်းမြတ်သော ဂုဏ်တော်များ

၁. ဗုဒ္ဓက ကမ္ဘာကြီးမှ ကြည်ညိုလေးစားမှုကို ခံယူနေရသည့် အကြောင်းရင်းမှာ ဂုဏ်တော် ၅-ပါး ကြောင့် ဖြစ်ရပေသည်။ (ထေရဝါဒတွင် ဂုဏ်တော် ၉ ပါးဟု ဖွင့်ဆိုသည်။ တည်းဖြတ်ရေးအဖွဲ့) သာလွန်မြင့် မားသော အမြင်၊ သာလွန်မြင့်မား

အကြည့်၊ ပြည့်ဝစုံလင်သော ပညာ၊ အဆင့်မြင့်သော တရားဟောပြော နိုင်စွမ်းနှင့် ဗုဒ္ဓ၏ ဟောပြောမှုများကို လိုက်နာ ကျင့်ကြံစေရန်၊ ဦးဆောင်နိုင်မှု စွမ်းရည်တို့ပင် ဖြစ်ပေ သည်။

၄င်းအပြင် အခြားသော ဂုဏ်တော် ၈-ရပ်တို့ကြောင့် ဗုဒ္ဓသည် လူသားများအား မေတ္တာတော်နှင့် ပျော်ရွှင်မှုများကို ပေးစွမ်းနိုင်ခြင်း ဖြစ်ပေသည်။ ဗုဒ္ဓ၏ သွန်သင်ဟောပြောမှုများကို လိုက်နာကျင့်ကြံမှု မှ တဆင့် ကမ္ဘာကြီးတွင် ချက်ချင်းလက်ငင်း အကျိုးဖြစ်ထွန်းစေခြင်း၊ အကောင်းနှင့်အဆိုး အမှန်နှင့်အမှား တို့ကို မှန်ကန်စွာ ဝေခွဲဆုံးဖြတ်နိုင်ခြင်း၊ မှန်ကန်သော နည်းလမ်းကို သွန်သင်ပေးခြင်းဖြင့်၊ လူသားများ အား အမှန်တရားသို့ ပို့ဆောင်ပေးခြင်း၊ တူညီသော လမ်းစဉ်ဖြင့် လူသား အားလုံးကို ဦးဆောင်ခြင်း၊ ဂုဏ် မောက်မှုနှင့် ကြွားဝါမှုများကို ရှောင်ရှားခြင်း၊ ဟောပြောသည့်အတိုင်း မိမိကိုယ်တိုင် လုပ်ဆောင်ခြင်း၊ လုပ်ပြီးသည်ကို ပြော၍ ပြောသလို လုပ်ခြင်း၊ ဗုဒ္ဓ၏ ကရုဏာ ကြီးမားလှသော နှလုံးသားမှ ကတိပြုချက် များကို ဖြည့်စွမ်းခြင်းတို့ ဖြစ်လေသည်။

တရားထိုင်ခြင်းဖြင့် ဖလသမ်ပါတ် ဝင်စားခြင်းဖြင့် ဗုဒ္ဓသည် တည်ငြိမ်၍ အေးချမ်းသော စိတ် ဓာတ်၊ ကြင်နာမှု၊ ကရုဏာရှိမှုနှင့် ပျော်ရွှင်မှုတို့ဖြင့် ပြည့်ဝနေခြင်းကို ထိန်းထားနိုင်ပေသည်။ ဗုဒ္ဓသည် လူသားအားလုံးတို့အား တန်းတူညီတူ ဆက်ဆံ၍ ညစ်ညမ်းသော စိတ်များကို သန့်ရှင်းစင်ကြယ်စေပြီး၊ ပျော်ရွှင်မှုကို ပေးလေသည်။

၂. ဗုဒ္ဓသည် ကမ္ဘာလောကရှိ ခပ်သိမ်းသော လူသားများအတွက် ဖခင်နှင့်မိခင် (၂) မျိုးစလုံးပင် ဖြစ် လေသည်။ ကလေးမွေးဖွားပြီးနောက် (၁၆) လတိုင်တိုင်ပင် မိခင်နှင့်ဖခင်တို့သည် ကလေးစကားလုံးများ ဖြင့် ပြောဆိုရပြီးသည့်နောက်၊ တစ်ဖြည်းဖြည်းချင်း လူကြီးတစ်ဦး အသွင်ဖြင့် ပြောဆိုစေရန် သင်ကြား ပေးလေသည်။

လူသားမိဘများနည်းတူ ဗုဒ္ဓသည် ရှေးဦးစွာ လူသားများကို စောင့်ရှောက်ပြီးသည့်နောက်၊ မိမိကိုယ်ကို မိမိစောင့်ရှောက်ရန်၊ လွှတ်ထားပေး

လေသည်။ ဗုဒ္ဓသည် လူသားများအား ၎င်းတို့၏ လိုအင် ရမက်များမှ ကျော်လွန်နိုင်စေရန် ကယ်တင်ပြီးနောက် ငြိမ်းချမ်း၍ လုံခြုံသည့် နေရာသို့ သယ်ဆောင်ပေး လေသည်။

ဗုဒ္ဓက ဟောကြားသောအခါ လူသားများသည် မိမိအတွက်သာ ရည်စူး ဟောပြောပေးသည့် အလား၊ ခံယူမှတ်သားနိုင်ကြလေသည်။

ဗုဒ္ဓ၏ စိတ်နေသဘောထားများသည် လူ့အတွေးအခေါ်များထက် ကျော်လွန်နေပေသည်။ ယင်းကို စကားလုံးများဖြင့် ရှင်းလင်းစွာ ပြောဆိုနိုင်ခြင်း မရှိပဲ၊ အရိပ်အမြွက်မျှသာ နှိုင်းယှဉ် ပြောဆိုနိုင်လေ သည်။

ဂင်္ဂါမြစ်တွင်း ရေနောက်ကျိစေနိုင်သည့် မြင်းများနှင့်ဆင်များက ခုန်ပေါက်ပြေးလွှားကြခြင်း၊ ငါးများနှင့် လိပ်များက ကူးခပ်လှုပ်ရှားခြင်းများ ပြုစေကာမူ မြစ်ရေများမှာမူ၊ သန့်ရှင်းကြည်လင်စွာနှင့် သွင်ပြင်မပျက်၊ စီးဆင်းမြဲ စီးဆင်းသွားလေသည်။ ဗုဒ္ဓသည် မြစ်ကြီးနှင့် တူလေသည်။ ငါးများနှင့် လိပ်များဟူသော မိစ္ဆာဒိဋ္ဌိများ မည်မျှ ကူးခပ်လာရောက်နှောင့်ယှက်သော်လည်း အချည်းနှီးပင် ဖြစ်ချေ သည်။ ဗုဒ္ဓ၏ တရားဓမ္မသည် သန့်ရှင်းကြည်လင်စွာနှင့် မတုန်မလှုပ် စီးဆင်းမြဲ စီးဆင်းနေလေသည်။

၃. ဗုဒ္ဓ၏ ဉာဏ်တော်သည် ကြီးမြတ်ပြည့်စုံလှသဖြင့် အလွန်အကျွံဖြစ်မှုနှင့် တစ်ဖက်စောင်းဖြစ်မှု များမှ လွတ်ကင်းပြီး ရှင်းလင်းဖော်ပြနိုင်စွမ်းမရှိသော သင့်တင့်မျှတမှုမျိုးကို ထိန်းထားလေသည်။ ဗုဒ္ဓ သည် လူသားအားလုံးတို့၏ အတွေးအခေါ်များနှင့် ခံစားချက်ဟူသမျှကို သိရှိ၍၊ လောကကြီး အတွင်းရှိ အရာခပ်သိမ်းတို့ကို တစ်မဟုတ်ချင်း နားလည်သိရှိလေသည်။

ကောင်းကင်ပေါ်ရှိ ကြယ်ပွင့်များက တည်ငြိမ်သော ပင်လယ်ရေပြင်တွင် ရောင်ပြန်ဟပ် နေသကဲ့သို့ လူတို့၏ အတွေးအခေါ်များ၊ ခံစားချက်များနှင့် အခြေအနေများသည်လည်း ဗုဒ္ဓ၏ နက်နဲလှသော ဉာဏ်တော်တွင် ရောင်ပြန်ဟပ် နေလေသည်။ ထို့ကြောင့်ပင်လျှင် ဗုဒ္ဓအား အမှန်တရား အလုံးစုံကို သိ မြင်သူဟု ခေါ် ဆိုကြခြင်း ဖြစ်လေသည်။

**ဗုဒ္ဓ၏အသွင်သဏ္ဍာန်နှင့်ပါရမီ၊သုစရိုက်များ**

ဗုဒ္ဓ၏ ဉာဏ်တော်ကြောင့် လူသားတို့၏ စိတ်များ ရှင်သန်လန်းဆန်းလာ၍ ပညာ တိုးပွားလာကာ ဤလောကကြီး၏အကြောင်း၊ အကြောင်းနှင့်အကျိုး၊ ပေါ်ထွက်လာခြင်းနှင့် ပျောက်ကွယ်သွားခြင်းများ ကို ဆည်းပူးနိုင်လေသည်။ ဗုဒ္ဓဉာဏ်တော်၏ အကူအညီမရှိပဲနှင့် အဘယ်သို့သော လောက၏ အ ကြောင်းကို လူသားများက သိရှိနားလည်နိုင်ကြပါမည်နည်း။

၄. ဗုဒ္ဓသည် ဗုဒ္ဓအဖြစ် အမြဲတမ်း ပေါ်ထွက်လာခြင်း မဟုတ်ပေ။ ဗုဒ္ဓသည် တခါတရံ မာရ်နတ်သား အဖြစ်၄င်း၊ တခါတရံ မိန်းမအဖြစ်၄င်း၊ ဘုရား၊ ဘုရင် သို့မဟုတ် အမတ်အဖြစ်၄င်း၊ တခါတရံ ပြည့်တန်ဆာအိမ်၌ ဖြစ်စေ၊ လောင်းကစားနေရာ၌ ဖြစ်စေ ပေါ်ထွက်လာလေသည်။

ဗုဒ္ဓသည် ရောဂါဘယ ထူပြောသော နေရာ၌ ဆေးဆရာအဖြစ် ၄င်း၊ စစ်မက် ဖြစ်ပွားသော နေရာ ၌၊ လူသားများ၏ ဆင်းရဲဒုက္ခများကို ကြင်နာသနားရေးအတွက် ဟောပြောရန် ပေါ်ထွက်လာလေသည်။ အရာဝတ္ထုများ ထာဝရ တည်မြဲနေသည်ဟု ထင်မှတ်နေသူများအား ဗုဒ္ဓသည် အနိစ္စတရားကို ဟောပြော လေသည်။ ဂုဏ်မာနကြီးမြင့်၍ တစ်ကိုယ်ကောင်းဆန်သူများအား အနတ္တတရားကို ဟောပြောလေသည်။ လောကစည်းစိမ်၌ ယစ်မူးနေသူများအား ဗုဒ္ဓက လောက ဆင်းရဲများ အကြောင်းကို ဟောပြော လေသည်။

ဗုဒ္ဓ၏ ဟောပြောမှုများသည် အကြောင်းခြင်းရာအားလုံးနှင့် အချိန်အားလုံး တို့တွင် ဓမ္မကာယ၏ စစ်မှန်သော အနှစ်သာရကို ပေါ်လွင်စေလေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ မေတ္တာ နှင့် ကရုဏာတို့သည် ဤ ဓမ္မကာယမှ အကန့်အသတ် မရှိ၊ ယိုစီးဖြာထွက်လာ၍ လူသားများအား ကယ်တင်လေသည်။

၅. ဤ ကမ္ဘာကြီးသည် အမြဲပင် ပျက်စီး၍ ပြန်လည် တည်ဆောက်ရသော မီးလောင်နေသည့် အိမ် နှင့် တူလေသည်။ မသိနားမလည်မှု၊ အမှောင်ထဲတွင် စမ်းတဝါးဝါး ဖြစ်နေကြသည့် လူသားများသည် ဒေါပွမှု (ဒေါသ)၊ မကျေိုက် မနှစ်သက်မှု (ဣဿာဿာ)၊ မနာလိုမှု (မစ္ဆရ)၊ တဖက်တိမ်းစောင်းဖြစ်မှုနှင့် လောကရမက်များ (အလိုရမက်များ/လောဘကိလေသာ)တွင် မထိန်းနိုင်မသိမ်းနိုင်

ဖြစ်နေကြလေသည်။ ၎င်းတို့သည် မိခင်မရှိသော မွေးခါစ ကလေးများနှင့် တူလေသည်။ လူတိုင်းသည် ဗုဒ္ဓ၏ မေတ္တာ ကရုဏာအပေါ် မှီခိုကြရမည် ဖြစ်ပေသည်။

ဗုဒ္ဓသည် ကမ္ဘာကြီးတစ်ခုလုံး၏ ဖခင်ဖြစ်လေသည်။ လူသားအားလုံးတို့သည် ဗုဒ္ဓ၏ ကလေးများ သာ ဖြစ်ကြလေသည်။ ဗုဒ္ဓသည် အမြင့်မြတ်ဆုံးသော ဘုရားသခင် ဖြစ်လေသည်။ ကမ္ဘာကြီးသည် ဆင်းရဲဒုက္ခ၊ သေခြင်းတို့ဖြင့် ပြည့်နှက်နေလေသည်။ သို့ရာတွင် လောကစည်းစိမ်များကို အချည်းနှီး ရှာဖွေနေကြသော လူသားများသည် ဤဖြစ်ရပ်မှန်ကို အပြည့်အဝ နားလည်သိရှိနိုင်သော အသိဉာဏ် မျိုး မရှိကြပါပေ။

ထင်ယောင်ထင်မှား ဖြစ်ဖွယ်ရာရှိသော ဤကမ္ဘာကြီးမှာ စင်စစ်အားဖြင့် မီးလောင်နေသည့် အိမ်ကြီးသဖွယ် ဖြစ်ကြောင်းကို ဗုဒ္ဓက သိမြင်သဖြင့်၊ ဆိတ်ငြိမ်သော တောထဲ၌ ခိုလှုံကာ၊ ငြိမ်းချမ်းရေးကို ရှာကြံခဲ့လေသည်။ ဗုဒ္ဓသည် ဆိတ်ငြိမ်သော တောထဲမှာနေ၍ အထူးကြီးမားလှသော ကရုဏာ၊ မေတ္တာ၊ ကြင်နာမှုဖြင့် "ပြောင်းလဲမှုနှင့် ဆင်းရဲဒုက္ခများလှသော ဤကမ္ဘာကြီးသည် ငါနှင့် သက်ဆိုင်ပေသည်။ မသိမိုက်မဲ၍၊ သတိလစ်ဟင်းနေကြသော ဤလူအားလုံးတို့သည် ငါ၏ ကလေးများဖြစ်ကြ၏။ ၎င်းတို့၏ အထင်မှားမှုနှင့် ဆင်းရဲဒုက္ခများမှ လွတ်ကင်းအောင်၊ ငါတစ်ဦးတည်းသာလျှင်၊ ကယ်တင်နိုင်ပေသည်" ဟု ကျွန်ုပ်တို့အား ခေါ်ဆောင်လေသည်။

ဗုဒ္ဓသည် မဟာဓမ္မရာဇာ ဖြစ်၍ လူသားအားလုံးတို့အား လိုအပ်သလို သင်ပြ ဟောပြောနိုင်လေ သည်။ ထို့ကြောင့် ဗုဒ္ဓသည် လူသားများအား ဟောပြောကယ်တင်ရန် ဤကမ္ဘာကြီးတွင် ထွက်ပေါ်လာ ခြင်း ဖြစ်ပေသည်။ ဆင်းရဲဒုက္ခများမှ ကယ်တင်ရန်အတွက် ဗုဒ္ဓသည် တရားဓမ္မကို ဟောပြောသော်လည်း၊ လောဘရမက်ဖြင့် နားထိုင်းနေကြသော လူသားများမှာမူ အာရုံစူးစိုက်ခြင်း မပြုကြပါပေ။

သို့ရာတွင် ဗုဒ္ဓ၏ ဟောပြောမှုများကို နားဆင်ကြသူများသည် ဘဝ၏ ဆင်းရဲဒုက္ခများနှင့် အထင် မှားမှုများမှ လွတ်ကင်းကြလေသည်။

**ဗုဒ္ဓ၏အသွင်သဏ္ဍာန်နှင့်ပါရမီ၊သုစရိုက်များ**

"မိမိတို့၏ ကိုယ်ပိုင်အသိဉာဏ်များအပေါ်၌သာ မှီခိုနေကြသူများအား ကယ်တင်နိုင်မည် မဟုတ်၊ ယုံကြည်ကိုးကွယ်မှု မှတဆင့်၊ ၎င်းတို့သည် ငါ၏ သင်ပြပြောဟောမှုများကို လက်ခံကြရမည် ဖြစ်သည်" ဟု ဗုဒ္ဓက မြွက်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ ဟောပြောမှုများကို နားဆင်၍ လက်တွေ့ လိုက်နာကျင့်သုံးသင့်ပေသည်။